# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ခုနှစ်တွင် စတင်ထုတ်ဝေသည်။


**မိမိပြုပြီးသောကောင်းမှုကံကိုမြင်၍**
**အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ**

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏၊ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏၊ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်(ဓမ္မပဒ-၁၆)


၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 4 December 2024 ၁၁၆၆၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# စီးပွားရေးနှင့်ပတ်သက်၍ အသား၊ ငါးနှင့် အခြေခံစားကုန် ကုန်ဈေးနှုန်းများ ကြီးမြင့်လာမှုများ ဖြစ်ပေါ်လျက်ရှိ အခြေခံစားကုန်များနှင့် ပတ်သက်၍ သင့်တင့်လျောက်ပတ်သည့် အမြတ်ကိုသာတင်၍ ရောင်းချသွားရန်လို

## အမြတ်ငွေနည်းနည်းနှင့် ပမာဏများများ ရောင်းချနိုင်ခြင်းဖြင့် ပြည်သူလူထု သက်သာချောင်ချိမှုရှိအောင် ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၃

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


ယနေ့ ဖတ်စရာ

နွေစပါးကို ဧက သုံးသန်းခန့်အထိ စိုက်ပျိုးနိုင်ရန် မျှော်မှန်းထားပြီး ဆန်စပါးထုတ်လုပ်မှုအပိုင်းတွင် အရှိန်အဟုန်ဖြင့် သွားနေဟုဆို — စာမျက်နှာ » ၄

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင် — စာမျက်နှာ » ၉

ဂုဏ်ယူနွဲ့ပျော် အမျိုးသားအားကစား ပွဲတော် ... — ဆောင်းပါး စာမျက်နှာ » ၁၁

လာမည့် လေးရက်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့နှင့် ပြည်နယ်သုံးခုတွင် အအေးပိုလာနိုင် — စာမျက်နှာ » ၁၂

ကြေးမုံ

# လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးမွေးမြူရေးကဏ္ဍမြှင့်တင်

နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် “တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်” နှင့် စီးပွားရေးဦးတည်ချက်တွင် “တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး”တို့ကို ချမှတ်ထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုဝင်ဘာလ ၃၀ ရက်နေ့က တွံတေးမွေးမြူရေးဇုန်သို့ သွားရောက်စစ်ဆေးစဉ် “စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ခြင်းဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်လာရေးကိုလည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ကိန်းဂဏန်းအချက်အလက်များအရ အောင်မြင်မှုရရှိနေသည်၊ အထွက်နှုန်းကောင်းနေသည်ကို ကျေနပ်နေ၍မရဘဲ မြေပြင်လက်တွေ့၌ အမှန်တကယ်အောင်မြင်မှုရရှိရန် လိုအပ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မြေပြင်အချက်အလက်များနှင့် ကိန်းဂဏန်းအချက်အလက်များ တူညီမှုရှိစေရေး ဆောင်ရွက်ကြရန်” ပြောကြားခဲ့သည်။

နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များ အောင်မြင်စေရန် တည်ရှိပြီး ရေမြေသဘာဝနှင့် လူသားအရင်းအမြစ်များကို ထိရောက်စွာအသုံးချ၍ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ တွံတေးမွေးမြူရေးဇုန်တွင် ဇုန်များအလိုက် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး၊ ငုံး၊ ဘဲများကို အသားစား၊ နို့စား၊ ဥစားမွေးမြူထားသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်ကြသော ပြည်သူလူထုသက်သာချောင်ချိရေးနှင့် အာဟာရပြည့်ဝသည့် စားသောက်ကုန်များစားသုံးနိုင်ရေး၊ သားငါးထုတ်လုပ်မှုလုံလောက်မှုရှိစေရေး စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၂၃ ခုနှစ် ဇွန်လတွင် မြေဧရိယာ ၅၈၁ ဒသမ ၅၄ ဧကပေါ်၌ စတင်အကောင်အထည်ဖော်ခဲ့သည်။ မွေးမြူရေးဇုန်အား အပိုင်းသုံးပိုင်းခွဲကာ မွေးမြူရေးတိရစ္ဆာန်များ မွေးမြူထားပြီး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ ပူးပေါင်းလုပ်ကိုင်ကြပြီး နိုင်ငံတော်အစိုးရက လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

တွံတေးမွေးမြူရေးဇုန်တွင် မွေးမြူရေးတိရစ္ဆာန်များကို လှောင်မွေးစနစ်ဖြင့် စတင်မွေးမြူခြင်းဖြစ်ပြီး ခေတ်မီမွေးမြူရေးစနစ်သို့ ရောက်ရှိစေရန်အတွက် စနစ်တကျမွေးမြူသည့်စနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ မွေးမြူရေးဇုန် စတင်အကောင်အထည်ဖော်ခဲ့သည်မှာ တစ်နှစ်ကျော်ကာလခန့်မျှသာရှိသော်လည်း စနစ်တကျအကောင်အထည်ဖော်နိုင်မှုကြောင့် ထိုက်သင့်သည့် အောင်မြင်မှုများ ရရှိနေပြီဖြစ်ရာ မျှော်မှန်းထားသည့်အတိုင်း လက်တွေ့အကောင်အထည်ပေါ်လာရန်အတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်သူတို့၏ နေ့စဉ်လူမှုဘဝတွင် အရေးကြီးသည့် စား၊ ဝတ်၊ နေရေး အရေးသုံးပါး၌ စားရေးသည် ပြည်သူများအတွက် နေ့စဉ်နှင့်အမျှ မဖြစ်မနေလိုအပ်သည့် အရေးကြီးကုန်ပစ္စည်းဖြစ်၍ စားရေးတွင် လုံလောက်ဖူလုံပြီး သက်သာချောင်ချိမှုရှိစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသန္တရမွေးမြူခြင်းစနစ်ထက်ကျော်လွန်ပြီး စီးပွားဖြစ် စနစ်တကျမွေးမြူလုပ်ကိုင်သွားကြရမည်ဖြစ်သည်။ လှောင်မွေးစနစ်မှ စနစ်ကျနသည့် ခေတ်မီမွေးမြူရေးစနစ်ကို ကူးပြောင်းသွားကြရမည်ဖြစ်သည်။ ခေတ်မီမွေးမြူရေးစနစ်ဖော်ဆောင်ရေး၊ မွေးမြူရေးထုတ်ကုန်များကို အဆင့်မီ ကုန်ချောစနစ်ဖြင့် ထုတ်လုပ်ရေး၊ ရေရှည်အကျိုးစီးပွားနှင့် စဉ်ဆက်မပြတ်ထုတ်လုပ်ရေးကို စနစ်တကျ တွက်ချက်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ တိရစ္ဆာန်ကူးစက်ရောဂါများ မဖြစ်ပွားစေရန် ထိန်းချုပ်ကာကွယ်ရေးတို့ကို ကြိုတင်တွက်ချက် ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်သည်။ ထိုမှတစ်ဆင့်တက်၍ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ဖော်ဆောင်သွားရမည်ဖြစ်ပြီး တန်ဖိုးမြှင့်စက်မှုထုတ်ကုန်များကို ထုတ်လုပ်ကာ နိုင်ငံ့စီးပွားတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရေးအတွက် လှောင်မွေးစနစ်မှစနစ်ကျနသည့် ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်သို့ တက်လှမ်းနိုင်ရန် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံ့စီးပွား မြင့်မားတိုးတက်ရေး၊ လူမှုဘဝအဆင်ပြေချောမွေ့စေရေးအတွက် နိုင်ငံတော်၏ ပံ့ပိုးကူညီဖြည့်ဆည်းပေးမှုများဖြင့် ထိထိရောက်ရောက် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## ကလေးမြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

ကလေး ဒီဇင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ကလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းသား ကျောင်းသူများ၏ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ကလေးမြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတွာလ်ဆွင်းဗန်က လူငယ်များ စာဖတ်သည့် အလေ့အကျင့်ကောင်းများဖြင့် အချိန်ကိုအကျိုးရှိစွာ အသုံးပြု၍ စဉ်းစားတွေးခေါ်မှုစွမ်းရည် မြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးလာစေရန်နှင့် လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းမင်းအောင်က ဦးဆောင်၍ လူငယ်စကားဝိုင်းကိုစတင်ခဲ့ရာ Grade-11 နှင့် Grade-10 မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်မျိုးချစ်စိတ်ဓာတ်၊ လူငယ်နှင့်ခေါင်းဆောင်မှု၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် ယဉ်ကျေးမှုစသည့် အကြောင်းအရာများကို ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ခေါင်းစဉ်များအလိုက် အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး အခမ်းအနားအပြီးတွင် ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃ -၁၂-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၄၀၀ | ၁၂၈ | ၁,၀၇၅,၂၀၀ |
| MTSH | ၃,၂၅၀ | ၃,၂၀၀ | ၂၈၀ | ၈၉၆,၀၅၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၁ | ၈,၄၀၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၅၀၃ | ၉၈၀,၈၅၀ |
| TMH | ၃,၁၅၀ | ၃,၁၅၀ | ၉၈ | ၃၀၈,၇၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၁,၀၆၁ | ၁,၈၃၁,၇၅၀ |
| AMATA | ၄,၅၀၀ | ၄,၇၀၀ | ၃ | ၁၃,၉၀၀ |
| MAEX | ၃,၃၀၀ | ၃,၂၅၀ | ၅၈၇ | ၁,၉၀၉,၂၅၀ |
| MADPL(PLB) | ၃,၄၀၀ | ၃,၄၀၀ | ၅၈ | ၁၉၇,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ္ဘဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

☆ ရှေ့ဖုံးမှ

### နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်သည် နိုင်ငံတော်၏ ရည်မှန်းချက်၊ နိုင်ငံရေးမျှော်မှန်းချက်များဖြစ်ကြောင်း၊ ဦးတည်ချက်(၉) ရပ်သည် နိုင်ငံတော်၏မူဝါဒများဖြစ်ပြီး အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်အနှစ်ချုပ်ပင်ဖြစ်ကြောင်း၊ အစိုးရဝန်ကြီးဌာနများအလိုက် တိုက်ရိုက်ဆောင်ရွက်ရခြင်းများရှိသကဲ့သို့ နိုင်ငံတော်က တိုက်ရိုက်အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းများလည်းရှိကြောင်း၊ ဥပမာအားဖြင့် နိုင်ငံရေးဦးတည်ချက်ဖြစ်သည့် “ **စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး** ” ဆိုသည့် အချက်နှင့်ပတ်သက်၍ ၎င်းအပေါ်အခြေခံ၍ မိမိတို့လုပ်ဆောင်နေသည့်လုပ်ငန်းများသည် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကိုသွားသည့် လုပ်ဆောင်ချက်မျိုးဖြစ်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးသည်လည်း အလားတူပင်ဖြစ်ကြောင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အဆင့်ဆင့်ခွဲဝေပေးထားပြီးဖြစ်၍ မှန်မှန်ကန်ကန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တာဝန်ပေးမှုဆောင်ရွက်ခြင်းထက် လုပ်သင့်လုပ်ထိုက်သည်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း။

အလားတူ “**တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး**” ဆိုသည့်အချက်တွင် ပြည်ထောင်စုအစိုးရအနေဖြင့် ဆောင်ရွက်ရခြင်းရှိသကဲ့သို့ ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ရခြင်းများလည်းရှိကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ လုပ်ဆောင်ရသည်များလည်းရှိကြောင်း၊ ဌာနဆိုင်ရာအသီးသီးမှ ဆောင်ရွက်ရသည်များလည်းရှိကြောင်း၊ ထိုသို့အဆင့်ဆင့်ဆောင်ရွက်သွားမည်ဆိုပါက ငြိမ်းချမ်းရေးနှင့်ပတ်သက်သော နိုင်ငံရေးဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မည်ဖြစ်ကြောင်း၊ ၎င်းတို့မှာ ဥပမာများသာဖြစ်ကြောင်း၊ ဦးတည်ချက်များကို ချမှတ်ရာတွင် တစ်ချက်ချင်းစီအလိုက် သက်ဆိုင်ရာဖော်ပြချက်များအားလုံးသည် အဓိပ္ပာယ်ရှိပြီးဖြစ်ကြောင်း၊ အဆိုပါအချက်များကို မိမိတို့ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများအောင်မြင်မှု ရှိ/မရှိ ပြန်လည်သုံးသပ်ဆောင်ရွက်ကြရန်လိုကြောင်း။

### မိမိတို့အကောင်အထည်ဖော်ဆောင်ရွက်ရသည့် လုပ်ငန်းရပ်များကို အားသွန်ခွန်စိုက် အောင်မြင်အောင် ဆောင်ရွက်ကြစေလို

အစိုးရတစ်ရပ်ဟူသည်မှာ တာဝန်ထမ်းဆောင်ရာတွင် အချိန်ကာလအရ ကန့်သတ်မှုများရှိကြောင်း၊ ထို့ကြောင့်ရရှိသည့်အချိန်ကာလအတွင်း ထမ်းဆောင်ရမည့် နိုင်ငံ့တာဝန်များကို အောင်မြင်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တာဝန်ယူဆောင်ရွက်ချိန်တွင် ကိုဗစ် - ၁၉ ဖြစ်ပွားမှုနှင့် နိုင်ငံရေး အကြပ်အတည်းများကို ရင်ဆိုင်ကျော်လွှားခဲ့ရကြောင်း၊ အဆိုပါအချိန်တွင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများမှသင်ခန်းစာရယူ၍ တိုးတက်အောင် ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ တိုးတက်မှုနည်းပါးနေသေးသည်ကို တွေ့ရကြောင်း၊ ကိန်းဂဏန်းအချက်အလက်များအရ အောင်မြင်မှုများဖြင့် ကျေနပ်နေ၍မရဘဲ လက်တွေ့မြေပြင်၌လည်း အမှန်တကယ်တိုးတက်အောင်မြင်မှုရှိရန်လိုကြောင်း၊ ကိန်းဂဏန်း အချက်အလက်များ မှန်ကန်မှုမရှိပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲရာတွင် မှားယွင်းမှုများဖြစ်ပေါ်စေနိုင်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စီးပွားရေးရာဝန်ကြီးများနှင့် စီမံကိန်းရေးဆွဲရေးဌာနများအနေဖြင့် စီမံကိန်းများရေးဆွဲရာတွင် လက်တွေ့ကျသည့်စီမံကိန်းနှင့် ပြည်သူကို အမှန်တကယ်အကျိုးပြုနိုင်သည့် စီမံကိန်းများဖြစ်စေရေး စနစ်တကျအသေးစိတ်တွက်ချက် ရေးဆွဲရန်လိုကြောင်း၊ မြေပြင်အခြေအနေမှန်များကို လေ့လာသုံးသပ်ပြီးမှသာ ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ့ဘဏ္ဍာငွေများကို သုံးစွဲရာတွင်လည်း လက်တွေ့အကျိုးပြုစေနိုင်မည့် နေရာများ၌သာ သုံးစွဲသွားရန်လိုကြောင်း။

### ကုန်ဈေးနှုန်းများကျဆင်းရေးအတွက် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်

စီးပွားရေးနှင့်ပတ်သက်၍ အသား၊ ငါးနှင့် အခြေခံစားကုန် ကုန်ဈေးနှုန်းများ ကြီးမြင့်လာမှုများဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ကုန်ထုတ်လုပ်သည့်လုပ်ငန်းရှင်များအနေဖြင့် ပြည်သူများ၏ အခြေခံစားကုန်များနှင့်ပတ်သက်၍ သင့်တင့်လျောက်ပတ်သည့် အမြတ်ကိုသာတင်၍ ရောင်းချသွားရန်လိုကြောင်း၊ ပြည်သူများအား ရောင်းချရာတွင် အမြတ်ငွေနည်းနည်းနှင့် ပမာဏများများ ရောင်းချနိုင်ခြင်းဖြင့် ပြည်သူလူထု သက်သာချောင်ချိမှုရှိအောင် ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း။

ကုန်ဈေးနှုန်းကြီးမြင့်မှုများအပေါ် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စနစ်တကျစိစစ် ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဖြစ်သင့်ဖြစ်ထိုက်သည့် ကုန်ဈေးနှုန်းများဖြစ်စေရေး စေတနာထား၍ အပင်ပန်းခံဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံအတွင်း ဝင်ငွေနှင့် ထွက်ငွေကိုလည်း မျှတအောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကို မဖြစ်မနေ တိုးမြှင့်ဆောင်ရွက်၍ ပြည်ပသို့တင်ပို့ရောင်းချနိုင်ရန်လိုကြောင်း၊ လက်ရှိတင်ပို့နေသည်ထက် နှစ်ဆခန့် ပိုမိုတင်ပို့နိုင်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုကို ယခုထက် တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် အလုပ်အကိုင်များဖန်တီးပေးခြင်းနှင့် ကုန်ထုတ်လုပ်ငန်းများအပေါ် incentive များပေးရန်လိုကြောင်း၊ အလုပ်အကိုင်များဖန်တီးရာတွင် လိုအပ်သည့် သွင်းအားစုများကိုလည်း လုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ထုတ်လုပ်မှုကို မဖြစ်မနေတိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပြီး “**မှတစ်ပါးအခြားမရှိ**”ကြောင်း၊ ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် ဈေးကွက်ရှိပြီး အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများဖြစ်ရန်လိုကြောင်း၊ ကုန်ပစ္စည်းချင်းတူပါက ဈေးသက်သာရမည်၊ ဈေးချင်းတူပါက အရည်အသွေး ကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ယင်းအချက် နှစ်ချက်ဖြင့် ဆောင်ရွက်ပါက အောင်မြင်နိုင်မည်ဖြစ်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စဉ်းစားဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

**❖ စိမ်းလန်းသာယာစိုပြည်ရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက်** Green Zone Area **များ ဖော်ဆောင်သွားရန်လိုပြီး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိန်းသိမ်းကြပ်မတ်ရမည့် လုပ်ငန်းရပ်တစ်ခုဖြစ်ပြီး ကြပ်မတ်မှုအားနည်းပါက နောင်အနာဂတ်တွင် သစ်တောသစ်ပင်ပြုန်းတီးမှုနှင့် ရာသီဥတုဖောက်ပြန်မှုတို့ကို ကြုံတွေ့ရနိုင်မည်**

### အချက်အလက်များ မှန်ကန်မှုရှိရန်လိုအပ်မှု

ကိန်းဂဏန်းအချက်အလက်များ ခိုင်မာမှန်ကန်ရေးနှင့်ပတ်သက်၍လည်း ထပ်မံပြောကြားလိုကြောင်း၊ ဥပမာအနေဖြင့် မိမိတို့နိုင်ငံတွင် ဝါများပိုလျှံမှုရှိသည်ဟု ကိန်းဂဏန်းအချက်အလက်များအရ သိရှိရပြီး ပြည်ပသို့တင်ပို့ထားသည့် ကိန်းဂဏန်း အချက်အလက်နှင့် အမှန်တကယ်တင်ပို့ထားသည့် အချက်အလက်များ ကွဲလွဲနေသည်ကို တွေ့မြင်ရကြောင်း၊ ဆန်နှင့်ပတ်သက်၍လည်း နှစ်စဉ်ပိုလျှံမှုများရှိကြောင်း၊ သို့သော် ပိုလျှံသည့်ဆန်နှင့် ပြည်ပသို့တင်ပို့သည့် ဆန်ပမာဏ ကွာခြားနေကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်မှတင်ပြသည့် အချက်အလက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ စိစစ်ရခြင်းဖြစ်ပြီး ကိန်းဂဏန်းအချက်အလက်များအရ လွဲမှားမှု မဖြစ်ပေါ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မြေပြင်ထွက်ရှိသည့်အထွက်နှုန်းများနှင့် အစိုးရတာဝန်ရှိသူများထံသို့ တင်ပြသည့်အချက်အလက်များ ကိုက်ညီမှုရှိရန်နှင့် မြေပြင်အမှန်အတိုင်းဖြစ်ရန်လိုကြောင်း။

### Green Zone Area များ ဖော်ဆောင်ပြီး စိမ်းလန်းစိုပြည်သည့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ရေး

စိမ်းလန်းသာယာစိုပြည်ရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် Green Zone Area များ ဖော်ဆောင်သွားရန်လိုပြီး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိန်းသိမ်းကြပ်မတ်ရမည့် လုပ်ငန်းရပ်တစ်ခုဖြစ်ပြီး ကြပ်မတ်မှုအားနည်းပါက နောင်အနာဂတ်တွင် သစ်တောသစ်ပင်ပြုန်းတီးမှုနှင့် ရာသီဥတုဖောက်ပြန်မှုတို့ကို ကြုံတွေ့ရနိုင်မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် မိုးရာသီ၌ သစ်ပင်စိုက်ပျိုးပွဲတော်များဆောင်ရွက်ခဲ့ကြပြီး စိုက်ပျိုးခဲ့သည့်အပင်များ ဆက်လက်ရှင်သန်ဖြစ်ထွန်းစေရေးအတွက်လည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရက အချိန်၊ ငွေကြေးနှင့်လုပ်အားအရင်းအနှီးများ များစွာကုန်ကျခံပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် အောင်မြင်မှုရှိအောင် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းဘေးဝဲယာများတွင်လည်း သစ်ပင်သစ်တောများ ရှင်သန်မှုရှိအောင်စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားကြရန်လိုပြီး ဒေသအလိုက်၊ နယ်အလိုက် အနီးကပ်ရှိသည့် အုပ်ချုပ်ရေးမှူးများနှင့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ လမ်းနယ်များ၊ မီးရထားလမ်းနယ်များနှင့်ပတ်သက်၍လည်း လမ်းမကြီးများ ဥပဒေ၊ မီးရထားလမ်းဥပဒေတို့နှင့်အညီ စနစ်တကျဖြစ်ရန်လိုကြောင်း၊ ခေတ်အဆက်ဆက်ထိန်းသိမ်းကြပ်မတ်မှုအားနည်းခဲ့၍ လမ်းနယ်များ၊ မီးရထားလမ်းနယ်များနှင့်ပတ်သက်၍ သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

### ကုန်ထုတ်လုပ်မှုစွမ်းအားရှိသည့် နိုင်ငံဖြစ်စေရေး အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်လို

အလုပ်သမားရှားပါးမှုပြဿနာနှင့် ပတ်သက်၍ အချို့လုပ်ငန်းရှင်များ၏ တင်ပြချက်များအရသိရှိရကြောင်း၊ မိမိတို့နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများ၌ နေထိုင်ကြပြီး ၅၀ ရာခိုင်နှုန်းခန့်သည် ပညာအရည်အချင်း အားနည်းကြကြောင်း၊ ၄၁ ရာခိုင်နှုန်းခန့်သည် လယ်ယာသစ်တောသားငါးကဏ္ဍတွင် လုပ်ကိုင်ကြသူများဖြစ်သဖြင့် မိမိတို့အနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုမှ အလုပ်အကိုင်များဖော်ဆောင်ပေးနိုင်ရေး လက်ရှိအခြေအနေ၌ မဖြစ်မနေလိုအပ်လျက်ရှိကြောင်း၊ လူဦးရေသန်းပေါင်းများစွာရှိသည့် နိုင်ငံများအနေဖြင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့်ပမာဏမှာ မသိသာသော်လည်း မိမိတို့ကဲ့သို့ လူဦးရေနည်းပါးသောနိုင်ငံအတွက်မူ လျော့သွားသည်မှာ သိသာကြောင်း၊ အလုပ်လုပ်ကိုင်မည့် စွမ်းအားများ လျော့နည်းသွားသည်ဖြစ်သဖြင့် ထိုက်တန်သည့် အလုပ်အကိုင်နှင့်လုပ်ခလစာများ ရရှိရေးကို ဆောင်ရွက်ပေးစေလိုကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ သို့မှသာ ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်စွမ်းအားများ မြင့်တက်လာပြီး Supply နှင့် Demand မျှအောင် လုပ်ဆောင်ပေးနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ပို့ကုန်များတိုးတက်လာပြီး ဝင်ငွေတိုးတက်လာပါက ငွေကြေးဈေးနှုန်းများလည်း ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း။

**ပြည်တွင်းဆီစားသုံးမှုဖူလုံရေး**

ဆီဖူလုံရေးနှင့်ပတ်သက်၍လည်း မိမိအနေဖြင့် ၂၀၂၁ ခုနှစ်ကတည်းကစ၍ ၄၁ ကြိမ်တိုင် တိုက်တွန်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ စီးပွားရေးဦးတည်ချက်တွင်လည်း **“ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး”** ကို ထည့်သွင်းချမှတ်ထားပြီး မိမိတို့အနေဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိအောင် ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း၊ ဆီထွက်သီးနှံများနှင့်ပတ်သက်၍ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်ခြင်းမရှိသည်ကို စနစ်တကျအဖြေရှာ၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ နည်းလမ်းရှာ၍ လုပ်ဆောင်မည်ဆိုပါက ဖြစ်ထွန်းအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ လူသာလျှင်အရေးကြီးပြီး လူတို့၏စီမံခန့်ခွဲမှုနှင့် ဦးဆောင်မှုသည် အဓိကအရေးကြီးကြောင်း။

**စီမံကိန်းအသစ်များဖော်ဆောင်ရာ၌ မူအားဖြင့် သဘောတူညီချက် ရယူဆောင်ရွက်ရန်လို**

စီမံကိန်းအသစ်များ ဖော်ဆောင်မှုနှင့်ပတ်သက်၍လည်း အနည်းငယ်ပြောကြားလိုပြီး စီမံကိန်းအသစ်များဖော်ဆောင်ရာ၌ မူအားဖြင့် သဘောတူညီချက်ယူ ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းပြည်အတွက် အကျိုးရှိမည်ဆိုပါက ခွင့်ပြုပေးသွားမည်ဖြစ်ပြီး သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်သွားရန်လည်းလိုကြောင်း၊ မိမိတို့တာဝန်ယူသည့်ကာလအတွင်း ပြီးပြတ်အောင်ဆောင်ရွက်နိုင်မည့် စီမံကိန်းများကိုသာ ဆောင်ရွက်ကြစေလိုပြီး လုပ်ငန်းများ ပြီးစီးအောင်ဆောင်ရွက်ရန်လည်း တာဝန်ယူရန်လိုကြောင်း။

စီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုများ လုပ်ဆောင်ရသည့် ဝန်ကြီးဌာနများနှင့် ပတ်သက်၍လည်း အကျိုးအမြတ်ကို ဖော်ဆောင်ပေးနိုင်သည့်ဌာနများ ရှိသကဲ့သို့ အောင်မြင်မှုမရှိသည့် ဌာနများလည်း ရှိကြောင်း၊ နိုင်ငံအတွက်အကျိုးရှိမည့် လုပ်ငန်းများကို

> **❖ ပညာရေးနှင့်ပတ်သက်၍ အခြေခံပညာရေးကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်နိုင်ရေးနှင့် ပညာသင်ကြားနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်း အပြည့်အဝရရှိအောင်ဆောင်ရွက်ရန်၊ ယခုကျောင်းတက်နေသည့် ကျောင်းတက်နေသူအားလုံး စာမေးပွဲဖြေဆိုနိုင်ရေးနှင့် ကျောင်းများအန္တရာယ်ကင်းရှင်းစွာ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ရန်လိုကြောင်း၊ မူလတန်းနှင့် အလယ်တန်းပြ ဆရာ ဆရာမများသည် လက်ဦးဆရာများဖြစ်သည့်အတွက် အရည်အသွေးပြည့်ဝရန် လိုအပ်ကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် Polytechnic တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်**

> **❖ မိမိတို့နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများ၌ နေထိုင်ကြပြီး ၅၀ ရာခိုင်နှုန်းခန့်သည် ပညာအရည်အချင်း အားနည်းကြကြောင်း၊ ၄၁ ရာခိုင်နှုန်းခန့်သည် လယ်ယာသစ်တောသားငါးကဏ္ဍတွင် လုပ်ကိုင်ကြသူများဖြစ်သဖြင့် မိမိတို့အနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုမှ အလုပ်အကိုင်များဖော်ဆောင်ပေးနိုင်ရေး လက်ရှိအခြေအနေ၌ မဖြစ်မနေလိုအပ်လျက်ရှိ**

ဆက်လက်အားပေးရမည်ဖြစ်သကဲ့သို့ အကျိုးအမြတ် ဖော်ဆောင်ပေးနိုင်မှုမရှိသည့် လုပ်ငန်းများကို ပြန်လည်သုံးသပ်၍ ရပ်တန့်သင့်က ရပ်တန့်သွားရန်လိုကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ပါက အကျိုးရှိစေလိုပြီး စီးပွားရေးအရ တွက်ချက်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်မှာကြား**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၏ တင်ပြချက်များအရ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များအား ပြည်သူလူထုသို့ သက်သာသောဈေးနှုန်းများဖြင့် မည်ကဲ့သို့ရောင်းချပေးလျက်ရှိသည်၊ ဆန်ဖူလုံမှု၊ မည်မျှရှိသည်တို့ကို ရာနှုန်းများဖြင့် တင်ပြကြသည်ကိုတွေ့ရကြောင်း၊ ဒေသအလိုက် ဝမ်းစာဖူလုံရေးနှင့် ပတ်သက်၍ အစိုးရကဆောင်ရွက်ပေးမှ မဟုတ်ဘဲ လူတိုင်းကလုပ်ဆောင်ကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖူလုံမှုများရှိနေသည်ဟုဆိုပါက အခြေခံစားကုန်များ ကုန်ဈေးနှုန်းကြီးမြင့်ရန် အကြောင်းမရှိကြောင်း၊ ထို့ကြောင့် အခြေခံစားကုန်ဖူလုံရေးကို အဓိကထားဆောင်ရွက်ကြရန်လိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ အခြေခံပညာရေးကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်နိုင်ရေးနှင့် ပညာသင်ကြားနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်း အပြည့်အဝရရှိအောင်ဆောင်ရွက်ရန်၊ ယခုကျောင်းတက်နေသည့် ကျောင်းတက်နေသူအားလုံး စာမေးပွဲဖြေဆိုနိုင်ရေးနှင့် ကျောင်းများအန္တရာယ်ကင်းရှင်းစွာ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ရန်လိုကြောင်း၊ မူလတန်းနှင့် အလယ်တန်းပြ ဆရာ ဆရာမများသည် လက်ဦးဆရာများဖြစ်သည့်အတွက် အရည်အသွေးပြည့်ဝရန် လိုအပ်ကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် Polytechnic တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ ဝါနှင့် ဝါးကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဝါးကုန်ကြမ်းများ ပေါများစွာရှိသည့်အတွက် ဝါးကို အခြေခံသည့် စက္ကူနှင့် ပျော့ဖတ်လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဒေသအတွက်လည်း အကျိုးရှိမည်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်း နိုင်ငံခြားငွေသုံးစွဲမှုကိုသက်သာစေမည်ဖြစ်ကြောင်း၊ ရော်ဘာနှင့်ပတ်သက်၍လည်း ကုန်ကြမ်းသာမက ရော်ဘာကုန်ချောများထုတ်လုပ်ရေး ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ကြက်သွန်စိုက်ပျိုးသော တိုင်းဒေသကြီးနှင့် ပြည်နယ်များသည် မိမိတို့နိုင်ငံ၏ အနီးပတ်ဝန်းကျင်တွင် ဈေးကွက်ရှိပြီးဖြစ်သဖြင့် ကြက်သွန်ကို တိုးချဲ့စိုက်ပျိုးပြီး ပြည်ပသို့တင်ပို့နိုင်ရေးဆောင်ရွက်စေလိုကြောင်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရသင့်ရထိုက်သည့် အခွန်အခများ အပြည့်အဝကောက်ခံရရှိပြီး ပြည်သူလူထုနှင့် နိုင်ငံတော်အတွက် ပိုမိုအသုံးပြုနိုင်စေရန် ဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မကြာမီကာလအတွင်း ကျင်းပပြုလုပ်မည့် အမျိုးသားအားကစားပွဲတော်ကို အနှစ်သာရရှိရှိကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အားကစားအမျိုးအစားများအလိုက် စံချိန်စံညွှန်းများ တိုးတက်ကောင်းမွန်အောင်လည်း ဆောင်ရွက်ကြစေလိုကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အလားတူ နံနက်ပိုင်းကလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီ အစည်းအဝေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

## နွေစပါးကို ကေသုံးသန်းခန့်အထိ စိုက်ပျိုးနိုင်ရန်မျှော်မှန်းထားပြီး ဆန်စပါးထုတ်လုပ်မှုအပိုင်းတွင် အရှိန်အဟုန်ဖြင့် သွားနေဟုဆို

ရန်ကုန် ဒီဇင်ဘာ ၃

နွေစပါးကို ကေသုံးသန်းခန့်အထိ စိုက်ပျိုးနိုင်ရန် မျှော်မှန်းထားပြီး ဆန်စပါးထုတ်လုပ်မှုအပိုင်းတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

ယခင်နွေစပါးကေ နှစ်သန်းခန့် စိုက်ပျိုးပြီး ယခုနှစ်တွင် ပြီးခဲ့သည့် ရာဂီမုန်တိုင်းနှင့်ဆက်စပ်ပြီး စိုက်ပျိုးမြေဧရိယာထိခိုက်မှုအချို့ရှိခဲ့၍ လျော့နည်းမှုကို ပြန်လည်ဖြည့်တင်း စိုက်ပျိုးနေပြီး ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ရိတ်သိမ်းရတော့မည်ဖြစ်ကြောင်းနှင့် နွေစပါးကိုလည်း တိုးမြှင့်စိုက်ပျိုးနိုင်ရန် စီစဉ်နေ ကြောင်း သိရသည်။

“နွေစပါးကတော့ ကေ နှစ်သန်းလောက်စိုက်တယ်။ ဒီနှစ်တော့ ပြီးခဲ့တဲ့ ရာဂီမုန်တိုင်းနဲ့ဆက်စပ်ပြီးတော့ စိုက်ပျိုးမြေဧရိယာ ထိခိုက်မှုတွေရှိပါတယ်။ ကြီးကြီးမားမားတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံရဲ့ ဆန်စပါးဖူလုံမှုနဲ့ ပိုလျှံမှု၊ ပြည်ပတင်ပို့မှုအပေါ်မှာ ထိခိုက်တဲ့ အတိုင်းအတာတော့မရှိပါဘူး။ ဒါပေမဲ့ လျော့နည်းသွားတာတွေကို ပြန်လည်ဖြည့်တင်းဖို့အတွက် စစိုက်နေပါပြီ။ တချို့တွေက ဇန်နဝါရီ၊ ဖေဖော်ဝါရီဆိုရိတ်မှာဆိုတော့ ရေကျနောက်စိုက်က ပေါ်လာမယ်။ နွေစပါးကိုလည်း ကျွန်တော်တို့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ ညှိနှိုင်းထားပြီးတော့ နိုင်ငံတော်အကြီးအကဲက နွေစပါးကို ကေ သုံးသန်းအထိ စိုက်ပျိုးနိုင်တဲ့ အနေအထားရှိအောင် စီစဉ်ဖို့ပါ။ အကြမ်းဖျင်းတော့ ကေ ၂ ဒသမ ၇ သန်း၊ ၂ ဒသမ ၈ သန်း ရေဖြန့်ဖြူးပေးနိုင်တဲ့ အပေါ်မှာမူတည်ပြီး နွေစပါးတိုးမြှင့်ပြီးတော့ စိုက်နိုင်မှာဖြစ်တဲ့အတွက် ဆန်စပါးထုတ်လုပ်မှု အပိုင်းကတော့ အရှိန်အဟုန်နဲ့ သွားနေပါတယ်”ဟု ဦးရဲမင်းအောင်က ပြောသည်။


ဆန်စပါးကဏ္ဍ၌ နှစ်စဉ် နွေစပါး၊ မိုးစပါး ကေ ၁၇ သန်းခွဲလောက်အထိ စိုက်ပျိုးထုတ်လုပ်ကာ ဆန်တန်ချိန် ၁၄ သန်းခန့်ထုတ်လုပ်ပြီး ၎င်းမှ ပြည်တွင်းစားသုံးမှုကိုဖယ်ပြီး ပိုလျှံသည့် ဆန်တန်ချိန် သုံးသန်းခန့်ရှိကြောင်း၊ အဆိုပါ ပိုလျှံမှုကိုလည်း ပြည်ပသို့ စနစ်တကျ တင်ပို့ရောင်းချသည့်လုပ်ငန်း လုပ်ဆောင်နေကြောင်း သိရသည်။

“ဒီလုပ်ငန်းကလည်း ဆန်စက်တွေ အများကြီးကနေ ဆောင်ရွက်နေတာဖြစ်ပြီးတော့ ဆန်စက်တွေမှာလည်း အလုပ်အကိုင်အများကြီး ဖန်တီးပေးထားပါတယ်။ အဲဒီလိုပဲ ဆန်ပြည်ပတင်ပို့တဲ့လုပ်ငန်းနဲ့ ဆက်စပ်ပြီးတော့ အကောက်အခွန် ရှင်းလင်းတဲ့လုပ်ငန်းတွေ၊ ဘဏ်လုပ်ငန်းတွေ၊ နိုင်ငံခြားငွေရရှိတဲ့လုပ်ငန်းတွေ၊ နိုင်ငံတကာနဲ့ ဆက်သွယ်ညှိနှိုင်းတဲ့ ကုမ္ပဏီတွေရဲ့ ရုံးအဖွဲ့အစည်း၊ ရုံးလုပ်ငန်းတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးပေးပါတယ်။ နိုင်ငံအတွက်လည်း နိုင်ငံခြားဝင်ငွေရှာဖွေပေးသလို ပြည်သူအတွက်လည်း ပြည်တွင်းမှာ စားသုံးတဲ့ဆန်ကို ထုတ်လုပ်ပေးနေတဲ့ အနေအထားဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

ထို့အပြင် ယခုနှစ်အနေဖြင့် ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုတွင် စပါးဈေးကောင်းရသည့်အတွက် တောင်သူများစိတ်ဝင်တစားစိုက်ပျိုးကြပြီး ငါးကန်အချို့တွင် ငါးမမွေးဘဲ စပါးစိုက်ပျိုးကြသည်ကို တွေ့ရကြောင်းနှင့် ထိုက်သင့်သည့် စပါးဈေးနှုန်းရရှိမှုက ဆွဲဆောင်မှုတစ်ခုဖြစ်ကြောင်း ၎င်းကပြောသည်။

MT

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H. E. Mr. Sholban Kara-Ool အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဒီဇင်ဘာ ၃

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H. E. Mr. Sholban Kara-Ool ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဦးဝဏ္ဏမောင်လွင်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဒေါက်တာ သီတာဦး၊ ဦးတင်ဦးလွင်၊ ဦးကိုကိုလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Mr. Iskander Azizov နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ရှေးယခင်ကတည်းက ရင်းနှီးသည့်ဆက်ဆံမှုများရှိခဲ့ပြီး ယခုအခါ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံအဆင့်မြင့် အရာရှိကြီးများ ချစ်ကြည်ရေးခရီး အပြန်အလှန်သွားရောက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် နိုင်ငံတကာမျက်နှာစာတွင် ရုရှားနိုင်ငံအနေဖြင့် ခိုင်ခိုင်မာမာရပ်တည်ပေးလျက်ရှိမှုနှင့် မြန်မာနိုင်ငံအနေဖြင့်လည်း ရုရှားနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် ခိုင်ခိုင်မာမာရပ်တည်ပေးလျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၌ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုနှင့် ရွေးကောက်ပွဲကျင်းပချိန်တွင် ရုရှားနိုင်ငံမှ လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်သွားမည့် အခြေအနေများ၊ ဥပဒေပိုင်းဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်သည့်အခြေအနေများ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများတွင် အပြန်အလှန်ဖလှယ်နိုင်မှုအခြေအနေများ၊ လူငယ်ရေးရာကိစ္စရပ်များတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ခရီးသွားလုပ်ငန်းများ၊ အပြန်အလှန်ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်စေရေး ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဓာတ်မြေဩဇာများ ထုတ်လုပ်နိုင်ရေးနှင့် စက်မှုလုပ်ငန်းများတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများ၊ စွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

### လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H. E. Mr. Sholban Kara-Ool တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H. E. Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

☆ ကျောဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်မှအဆင့်မြင့် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်မှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ပူးပေါင်းပံ့ပိုးကူညီ ဆောင်ရွက်နိုင်ရေး စည်းရုံးလှုံ့ဆော်ရန်နှင့် မသန်စွမ်းမှုဆိုင်ရာ အရေးကိစ္စများကို အများပြည်သူ သိရှိနားလည်စေရန်အတွက် ဒီဇင်ဘာ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အဖြစ်သတ်မှတ်ပြီး ကုလသမဂ္ဂက ဦးဆောင်မှုနှင့် ကမ္ဘာတစ်ဝန်းတွင် ၁၉၉၂ ခုနှစ်မှစတင်ပြီး နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ၁၉၉၄ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခုနှစ်တွင် (၃၁)ကြိမ်မြောက်ကျင်းပခြင်းဖြစ်ကြောင်း။

ယနေ့ကျရောက်သည့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ပေးသည့် ဦးတည်ဆောင်ပုဒ်သည် **“Amplifying the leadership of persons with disabilities for an inclusive and sustainable future” “အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး”**ဖြစ်ကြောင်း။

ကမ္ဘာ့လူဦးရေ သန်းပေါင်း ၈၂၀၀ အနက် ၁၆ ရာခိုင်နှုန်းဖြစ်သော သန်းပေါင်း ၁၃၀၀ ကျော်သည် မသန်စွမ်းမှုတစ်မျိုးမျိုးရှိသူများဖြစ်ကြကြောင်း၊ ၂၀၁၉ ခုနှစ်ကြားဖြတ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်းဖြစ်သည့် ၅ ဒသမ ၉ သန်းသည် မသန်စွမ်းသူများဖြစ်ကြောင်းကို တွေ့ရှိရကြောင်း၊ ကမ္ဘာတွင်သာမက မြန်မာနိုင်ငံတွင်လည်း မသန်စွမ်းသူဦးရေ အချိုးအစား ကြီးကြီးမားမားရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မသန်စွမ်းသူများ၏ ဘဝတွင် ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲအတားအဆီးများ၊ တန်းတူညီမျှ ရပိုင်ခွင့်များ၊ ပူးပေါင်းဆောင်ရွက်မှု စသည့် စိန်ခေါ်မှုများကို လူသားအားလုံးက လက်တွေ့ကျအောင် ဖြေရှင်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ လူလူချင်းတူသော်လည်း ဘဝကံကြမ္မာ အကျိုးပေးကြောင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းနေသူများကို စာနာထောက်ထားဖေးမကူညီပြီး မသန်သော်လည်း စွမ်းဆောင်ရည် ပြည့်ဝသည့် လောကအကျိုးကို သယ်ပိုးနိုင်သည့် လူသားတစ်ဦး ဖြစ်လာအောင် ကူညီအားပေးကြရန် လိုအပ်ကြောင်း။

ထို့ကြောင့် အားလုံးအကျုံးဝင်ပါဝင်နိုင်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် လူ့အဖွဲ့အစည်းကို တည်ဆောက်ရာတွင် မသန်စွမ်းသူများကို ချန်လှပ်မထားဘဲ ကျန်ရစ်နေသည်မျိုးမရှိအောင် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်အောင် အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စွမ်းဆောင်နိုင်မှုအပေါ် မူတည်ပြီး မသန်စွမ်းသူများကို ဦးဆောင်သည့် အခန်းကဏ္ဍများတွင် နေရာပေး ဆောင်ရွက်ပေးကြရန်လည်း လိုအပ်ကြောင်း၊ မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် လူ့အဖွဲ့အစည်းအတွင်း မတူကွဲပြားမှုများအပေါ် နားလည်လက်ခံနိုင်စွမ်းကို ဖော်ဆောင်ပေးရာလည်း ရောက်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုလေ့လာစဉ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် **“မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း(UNCRPD)”**ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး မသန်စွမ်းသူများအရေးကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)နှင့် နည်းဥပဒေများ (၂၀၁၇)တို့ကို အတည်ပြု ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းထားရှိပြီး မူဝါဒနှင့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ပေးလျက်ရှိပြီး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီကိုးခုကို ဖွဲ့စည်းထားရှိပြီး ဆောင်ရွက်လျက်ရှိကြောင်း။

မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရေး ဆောင်ရွက်ရာတွင် ပညာရေးကဏ္ဍကို ဦးစားပေး မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၆ ခုနှစ် လေ့လာဆန်းစစ်ချက်များအရ မသန်စွမ်းသူ ကလေးသူငယ် နှစ်သိန်းသုံးသောင်းခန့်ရှိပြီး အဆိုပါအထဲက ကလေးသုံးဦးတွင် နှစ်ဦးသည် ကျောင်းမတက်ကြဘဲ ၃၆ ရာခိုင်နှုန်းခန့်သာ စာရေးစာဖတ်နိုင်ကြောင်း သိရကြောင်း၊ ထို့ကြောင့် အနာဂတ်တွင် မသန်စွမ်းသူများအတွက် ပညာရေးကို ပိုမိုအလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများအနေဖြင့် အခြေခံပညာကျောင်းများတွင် တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊

**စာမျက်နှာ ၇ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် မသန်စွမ်းသူများအတွက် အတားအဆီးမဲ့ခရီးသွားလာရေး ဂုဏ်ပြုဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အလုပ်အကိုင် အခွင့်အလမ်း ဂုဏ်ပြုဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၆ မှ

အသက်မွေးဝမ်းကျောင်း သင်တန်းများ တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ မသန်စွမ်းသူများအပေါ် ခွဲခြားမှုမရှိသော သင်ရိုးညွှန်းတမ်းနှင့် အလေ့အကျင့်များ ကျင့်သုံးခြင်း၊ အထူးပညာရေး ဆရာ ဆရာမများကို လေ့ကျင့်သင်ကြားပေးခြင်းနှင့် မသန်စွမ်းသူများအနေဖြင့် အခြားသူများနည်းတူ သင်ကြားမှု၊ သင်ယူမှုပြုနိုင်ရန်အတွက် လိုအပ်သော နည်းပညာနှင့် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

**နှစ်စဉ်ထည့်သွင်းချီးမြှင့်**

အတားအဆီး ကင်းသောပတ်ဝန်းကျင်ဖြစ်စေရန် အတွက် အများပြည်သူဆိုင်ရာ နေရာများ အဆောက်အအုံများကို မသန်စွမ်းသူများအသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ အများသုံးသယ်ယူပို့ဆောင်ရေး ယာဉ်များတွင် မသန်စွမ်းသူများ လိုက်ပါနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ သတင်းအစီအစဉ်များတွင် Sign Language နှင့် ပြသခြင်းများ ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားများတွင်လည်း မသန်စွမ်းသူများ အတားအဆီးမဲ့ ခရီးသွားလာနိုင်အောင် ဆောင်ရွက်ပေးမှုအတွက် ဂုဏ်ပြုဆုကို နှစ်စဉ်ထည့်သွင်းချီးမြှင့်ပေးလျက်ရှိကြောင်း။

မသန်စွမ်းသူများသည် အများနည်းတူ ရာနှုန်းပြည့်ကျန်းမာသန်စွမ်းမှုမရှိသော်လည်း ၎င်းတို့၏ ကောင်းမွန်ပြီး ကျန်းမာသန်စွမ်းသော ခန္ဓာကိုယ်အစိတ်အပိုင်းနှင့်ကိုက်ညီသည့် လုပ်ရှားဆောင်ရွက်နိုင်မည့် ကဏ္ဍအလိုက် ပါဝင်လုပ်ဆောင်နိုင်ရန် စီမံဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ ထိုသို့ စီမံဆောင်ရွက်ပေးမည်ဆိုပါက မသန်စွမ်းသူများ၏ စိတ်အားငယ်မှု၊ သိမ်ငယ်မှုများပပျောက်စေပြီး မသန်သော်လည်းစွမ်းသည့် စွမ်းဆောင်ရှင်များအဖြစ် လောကကို တတ်အားသမျှ အကျိုးပြုနိုင်သူများဖြစ်လာအောင် အားပေးဂုဏ်ပြု မြှင့်တင်သွားကြရန် တိုက်တွန်းလိုကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

မသန်စွမ်းသူများ အနေဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်းဖြင့် လူမှုရေးပိုင်းဆိုင်ရာ အကျိုးဝင်မှုသာမက စီးပွားရေး အကျိုးဝင်မှုပါရရှိပြီး အမှီအခိုကင်းစွာ ဘဝရပ်တည်နေထိုင်နိုင်မည်ဖြစ်ကြောင်း၊ မသန်သော်လည်း စွမ်းဆောင်ရည်ရှိသူများဖြစ်ကြောင်း နားလည်လက်ခံပြီး မသန်စွမ်းသူများကို အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်စေခြင်း၊ မူဝါဒနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် နေရာများတွင် တာဝန်ထမ်းဆောင် စေခြင်းတို့ကို ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

မသန်စွမ်းသူအားလုံး လွှမ်းခြုံနိုင်သည့် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို စီမံကိန်းမြို့နယ် ၂၁ ခုတွင် လတ်တလော အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ယနေ့အထိ ၅၉၃၇ ဦး မသန်စွမ်းမှတ်ပုံတင်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မသန်စွမ်းသူများအပေါ် ထားရှိသည့် မကောင်းမြင်စိတ်နှင့် လွဲမှားသောအယူအဆ အတွေးအမြင်များ ပပျောက်ရေးအတွက် တိုက်တွန်းနှိုးဆော်ခြင်း၊ အသိပညာပေးခြင်းများကိုလည်း ဆောင်ရွက်ပေးကြရန်လိုကြောင်း။

**ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်**

ထို့ပြင် သဘာဝဘေးအန္တရာယ်ရင်ဆိုင်ကြုံတွေ့ကြရာတွင်လည်း မသန်စွမ်းသူများအနေဖြင့် အများတကာများထက် ပိုမိုထိခိုက်ခံစားရကြောင်း၊ ထို့ကြောင့် သဘာဝဘေး လျှော့ပါးရေးလုပ်ငန်းများတွင် မသန်စွမ်းသူများအတွက် ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်သကဲ့သို့ မသန်စွမ်းသူများပါဝင်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ သဏ္ဌာန်တူဇာတ်တိုက် လေ့ကျင့်ခြင်းနှင့် အသိပညာပေးခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း။

မသန်စွမ်းသူများ အရေးဆောင်ရွက်ပေးရာတွင် မသန်စွမ်းသူများကိုယ်တိုင်နှင့် မသန်စွမ်းသူများအရေး ဆောင်ရွက်ပေးနေသည့် အသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုသည် အထူးလိုအပ်ကြောင်း၊ ထို့ပြင် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိထိရောက်ရောက် ဆောင်ရွက်ကြရန် အသိပေး ပြောကြားလိုကြောင်း။

ယခုနှစ်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့၏ ဦးတည်ချမှတ်ထားသော **"အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး"** ဆောင်ပုဒ်နှင့်အညီ မသန်စွမ်းသူများ၏ ခေါင်းဆောင်မှုစွမ်းရည် မြှင့်တက်စေခြင်း၊ ဦးဆောင်သည့် ကဏ္ဍများတွင် ပါဝင်စေခြင်းနှင့် မသန်စွမ်းသူများ၏ အမြင်နှင့်သဘောထားကို အလေးထား ထည့်သွင်းပေးခြင်းတို့ဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးကို မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများအားလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က မသန်စွမ်းသူများ အတွက် အတားအဆီးမဲ့ ခရီးသွားလာရေး ဂုဏ်ပြုဆုရရှိကြသူများအားလည်းကောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အလုပ်အကိုင်အခွင့်အလမ်းဂုဏ်ပြုဆုနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သည့်သဝဏ်လွှာ ဗီဒီယိုမက်ဆေ့နှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းတို့ကို ပြသပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ(၂) မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် ဥက္ကဋ္ဌ ဦးသိန်းဟန်သူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်က "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" သီချင်းနှင့်အတူ ဘီးတပ်ကုလားထိုင်ဖြင့် စွမ်းရည်ပြကပြဖျော်ဖြေကြသည်။

**ကပြဖျော်ဖြေတင်ဆက်**

ယင်းနောက် ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ကလေးငယ်များက "စိတ်ဓာတ်ခွန်အားရှက်လွှင့်ထား" တေးသီချင်းဖြင့်လည်းကောင်း၊ နားမကြားသောကလေးများကျောင်း (ရန်ကုန်) မှ မသန်စွမ်းကလေးများက "ရေအိုးယိမ်း" တေးသီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သီဆိုကပြဖျော်ဖြေခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ခင်းကျင်းပြသထားသည့် မသန်စွမ်းသူများနှင့် သက်ဆိုင်သော စာအုပ်များ၊ လက်မှုထုတ်ကုန်ပစ္စည်းများနှင့် အထိမ်းအမှတ်ဓာတ်ပုံပြခန်းများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ကို လက်ခံတွေ့ဆုံဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကိုသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သောအဖွဲ့ကို ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။

**ရှင်းလင်းပြောကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်နှင့် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး၍ ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားမှုများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ဒူးမားလွှတ်တော်ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက ရွေးကောက်ပွဲဆိုင်ရာများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မေးမြန်းချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းပြီး ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဌ H.E.Mr.Sholban Kara-Ool ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဌ H.E.Mr.Sholban Kara–Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်ရုံး ဧည့်ခန်း၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးနှင့် နှစ်နိုင်ငံဘက်စုံပူးပေါင်းဆောင်ရွက်ရေး၊ ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံဖလှယ်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ရုရှားနိုင်ငံတွင် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများကို ကူညီပေးနိုင်ရေးကိစ္စနှင့် ဘာသာစကားများ သင်ကြားနိုင်ရေး ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်ရုံး သတင်းနှင့် လုံခြုံရေးဆိုင်ရာ ဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနေလွင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဌ H.E . Mr. Sholban Kara-Ool ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၃**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဌ H.E. Mr. Sholban Kara–Ool ဦးဆောင်သည့် ရုရှားဒူးမားလွှတ်တော် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ရှိရင်းစွဲကဏ္ဍအများအပြား၌ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာစေရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးချဲ့သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်သွားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်တိုင်း ဒေသကြီး၌ "အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများ ခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး" ဆောင်ပုဒ်ဖြင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂမှပေးပို့လာသည့် Video Clip သဝဏ်လွှာနှင့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ် Video Clip တို့အား ပြသသည်။

ယင်းနောက် မသန်စွမ်းသင်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများက ဖျော်ဖြေရေး အစီအစဉ်များဖြင့် တင်ဆက်ကပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဇနီးနှင့် တက်ရောက်လာသူများက ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့်ဇနီး၊ စည်ပင်သာယာရေး ဝန်ကြီး (မြို့တော်ဝန်)တို့က မသန်စွမ်းသင်တန်းကျောင်းကိုးကျောင်းရှိ ကျောင်းသား ကျောင်းသူ ၁၃၄၉ ဦးအတွက် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် စည်ပင်သာယာရေး ဝန်ကြီး၏ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက ဖျော်ဖြေရေးအဖွဲ့များနှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အကြိုလှုပ်ရှားမှုပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။



ယင်းနောက် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အဖြစ် မသန်စွမ်း ကျောင်းသား ကျောင်းသူများ၏ လက်ရာ ခတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

# ညောင်လေးပင်မြို့နယ် အောင်းကြီးအခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ



**ညောင်လေးပင် ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ လူငယ်များ အသိပညာပိုမိုတိုးတက်လာစေရန်၊ ပရိသတ်ရှေ့တွင် ပြောရဲဆိုရဲသည့်သတ္တိများ ရှိလာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက် ၁၀ နာရီက အောင်းကြီးအခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ အောင်းကြီးအခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီနီဝင်းက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ဦးဆောင်ဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေးကြကာ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည့်အကြောင်းအရာများကို မေးမြန်းရာ ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

အဆိုပါလူငယ်စကားဝိုင်းသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၁၅၅ ဦးတို့ တက်ရောက်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော အသိပညာပေး နံရံကပ်စာစောင်များအား ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **ခင်မောင်လွင်(ညောင်လေးပင်)**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၃

**၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသည့် အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများဖြစ်သည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် ဘော်လီဘော ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံ၌ ကျင်းပရာ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲနှစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အလားတူ ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အမျိုးသားဖူဆယ်ဘောလုံး ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့က တစ်ဖက်သုံးဂိုးစီဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို ကိုးဂိုး - ဂိုးမရှိဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို ခြောက်ဂိုး - ဂိုးမရှိဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အမျိုးသမီးဖူဆယ်ဘောလုံး ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ် အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့က ဂိုးမရှိ သရေဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို လေးဂိုး - နှစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ထို့ပြင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၃ နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲကို ရွှေကြာပင်အားကစားရုံ၌ကျင်းပရာ စစ်ကိုင်းတိုင်း ဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ရမှတ်(၈၀-၄၆)မှတ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ရမှတ် (၉၄-၂၇) မှတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ရမှတ် (၆၅-၄၃) မှတ်ဖြင့်လည်းကောင်း၊ ကယားပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ရမှတ် (၅၈-၄၈) မှတ်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ရမှတ် (၈၂- ၁၇) မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အလားတူ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄) တို့တွင် ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့က

**စာမျက်နှာ ၁၀ သို့** ☆



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဘော်လီဘော ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘော်လီဘော ပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဝန်ကြီးဌာန ပေါင်းစုံ အလွတ်တန်း အမျိုးသား ဘောလုံးပြိုင်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဘတ်စကက်ဘော ပြိုင်ပွဲတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော် အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း တို့ ယှဉ်ပြိုင်ကစားကြစဉ်။





ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်နေမှုကို အားကစားပရိသတ်များ တစ်ခဲနက်အားပေးနေကြစဉ်။

☆ စာမျက်နှာ ၉ မှ
တစ်ဖက်တစ်ဂိုးစီ သရေဖြင့်လည်းကောင်း၊ ကယားပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ထို့ပြင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို မွန်းလွဲပိုင်းတွင် ဘောဂဝတီ အားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးဂိုး – တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အလားတူ ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲများကို ပေါင်းလောင်း အားကစားကွင်း၊ ရွှေကြာပင် အားကစားကွင်းနှင့် လယ်ဝေးTC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အသင်းကို လေးဂိုး – ဂိုးမရှိဖြင့် လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို တစ်ဂိုး – ဂိုးမရှိဖြင့် လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းက သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ထည့်သွင်းကျင်းပသည့် ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်မျိုးတွင် ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး)၊ ဘောလုံး(အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ ဂေါက်သီး (အမျိုးသား)၊ ပိုက်ကျော်ခြင်း (အမျိုးသား)နှင့် ဘော်လီဘော (အမျိုးသား)ပြိုင်ပွဲများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ မျိုးတွင် ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး)၊ ဘတ်စကက်ဘော (အမျိုးသား)၊ ကြက်တောင် (အမျိုးသား/ အမျိုးသမီး)၊ ဘိလိယက်/ စနူကာ (အမျိုးသား)၊ လက်ဝှေ့ (အမျိုးသား)၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု (အမျိုးသား/ အမျိုးသမီး)၊ ခရစ်ကက် (အမျိုးသား)၊ ဘောလုံး ပိုက်ကျော်ခြင်း (အမျိုးသား/ အမျိုးသမီး)၊ ရေကူး (အမျိုးသား/ အမျိုးသမီး)၊ စားပွဲတင်တင်းနစ် (အမျိုးသား/ အမျိုးသမီး)၊ တိုက်ကွမ်ဒို (အမျိုးသား/ အမျိုးသမီး)၊ တင်းနစ် (အမျိုးသား)၊ ရိုးရာခြင်းလုံး (အမျိုးသား/ အမျိုးသမီး)၊ မြန်မာ့သိုင်း (အမျိုးသား/ အမျိုးသမီး)၊ ဘော်လီဘော (အမျိုးသား/ အမျိုးသမီး)၊ ဗိုဗီနမ် (အမျိုးသား/ အမျိုးသမီး)၊ အလေးမ (အမျိုးသား/ အမျိုးသမီး)၊ ဝူရှူး(အမျိုးသား/ အမျိုးသမီး)ပြိုင်ပွဲများ၊ မသန်စွမ်း အားကစားနည်း လေးမျိုးတွင် ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး)၊ ရေကူး (အမျိုးသား/အမျိုးသမီး)၊ ထိုင်လျက်ဘော်လီဘောနှင့် မျက်မမြင်စစ်တုရင် (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲများကို ထည့်သွင်းကျင်းပလျက်ရှိသည်။




ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ပြည်နယ်နှင့် တိုင်းဒေသကြီး (အမျိုးသား/အမျိုးသမီး)၊ ဖူဆယ် (အမျိုးသား/ အမျိုးသမီး)၊ ဂေါက်သီး (အမျိုးသား)၊ ဂျူဒို (အမျိုးသား/ အမျိုးသမီး)၊ ကရာတေး (အမျိုးသား/ အမျိုးသမီး)၊ (အမျိုးသား/ အမျိုးသမီး) နှစ်ယောက်တွဲ ပိုက်ကျော်ခြင်း ပြိုင်ပွဲကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်



ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ ဓာတ်ပုံ – ရွှေကိုလေး

# ဂုဏ်ယူနှစ်ပြုံမျော် အမျိုးသားအားကစားပွဲတော် ...

ရန်ကင်းကိုကိုလေး

ပဉ္စမအကြိမ် နိုင်ငံတော်အဆင့်အမျိုးသားအားကစားပွဲတော်ကြီးကို နေပြည်တော်တွင် ခမ်းနားသိုက်မြိုက်စည်ကားစွာ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးမှ အားကစားမောင်မယ်များသည် မိမိတို့ပြိုင်ပွဲဝင်ကြမည့် အားကစားကဏ္ဍအသီးသီးတွင် အနိုင်ယူဗိုလ်စွဲနိုင်ရန် စိတ်အားထက်သန်စွာ အားကြိုးမာန်တက်လေ့ကျင့်နေကြသည်ကို လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းများက စနစ်တကျစခန်းသွင်းကာ လိုအပ်သည်များကို ပံ့ပိုးကူညီ ဖြည့်ဆည်းအားပေးနေကြသည်များကို လည်းကောင်း၊ ဖွင့်ပွဲအခမ်းအနား၊ ပိတ်ပွဲအခမ်းအနားများကို နိုင်ငံတော်အဆင့်ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် ကျောင်းသား ကျောင်းသူများ၊ အားကစားအဖွဲ့အစည်းများ၊ နည်းပြဆရာဆရာမများ၊ အနုပညာရှင်များ၏ လေ့ကျင့်ပြင်ဆင်နေမှုများကို လည်းကောင်း နေ့စဉ်ထုတ်သတင်းစာများ၊ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များတွင် ဖတ်ရှု၊ တွေ့မြင်နေရသည့် မြင်ကွင်းများသည် နိုင်ငံတော်အစိုးရက အားကစားလောကမြင့်မားတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်နေသည်ကို ထင်သာမြင်သာလျက်ရှိပါသည်။

အမျိုးသားအားကစားပွဲတော်များကို ၁၉၉၂ ခုနှစ်တွင် ရန်ကုန်မြို့၌ ပထမအကြိမ်အဖြစ် စတင်ကျင်းပခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ်နှင့် ၁၉၉၇ ခုနှစ်တွင် တတိယအကြိမ်အဖြစ် ရန်ကုန်မြို့၌ပင် ကျင်းပခဲ့ပါသည်။ စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၂၀၁၅ ခုနှစ်တွင် နေပြည်တော်၌ ကျင်းပခဲ့ပြီး ယခု ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ပြည်နယ်၊ တိုင်းဒေသကြီးများနှင့် အစိုးရဝန်ကြီးဌာနအသီးသီးမှ အားကစားမောင်မယ်များ ပါဝင်ကာ နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ပါသည်။

**အားကစားပြိုင်ပွဲများ ကျင်းပ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မြန်မာတစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပြီး အားကစားကဏ္ဍတွင် ပြည်သူအားလုံးပါဝင်နိုင်အောင် ဆောင်ရွက်လျက်ရှိရာ ပြည်တွင်း၌ အားကစားပြိုင်ပွဲအမျိုးမျိုးကို ရာသီအလိုက် ဖော်ဆောင်ပေးလျက်ရှိပြီး အစိုးရဝန်ကြီးဌာနအသီးသီးနှင့် တက္ကသိုလ်များ၊ ကျောင်းများတွင်လည်း အားကစားပြိုင်ပွဲများကို အခါအားလျော်စွာ ကျင်းပစေလျက်ရှိသည်။

နှစ်စဉ်နှစ်တိုင်း ဒီဇင်ဘာလတွင် ပြည်သူလူထုတစ်ရပ်လုံးပါဝင်နိုင်သော လမ်းလျှောက်ပွဲများကို ကျင်းပလျက်ရှိရာ ကျောင်းသား ကျောင်းသူ လူငယ်များ၊ လူကြီးမိဘဘိုးဘွားများ တပျော်တပါး လမ်းလျှောက်ကြပြီး ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ကယားပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အမျိုးသားအားကစားပွဲတော်ကြီးကို အားကစားပွဲတော်အဖြစ်သာ မရှုမြင်ဘဲ နိုင်ငံတော်အဆင့် အဓိပ္ပာယ်ရှိရှိ အရည်အသွေးမြင့်မြင့်၊ စနစ်တကျအောင်မြင်အောင်ဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်ဖြစ်ပြီး မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှုရှိမှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို ဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။

တစ်ခေတ်တစ်ခါက မြန်မာ့အားကစားလောကတွင်သာမက အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ပြည်ပဖိတ်ခေါ် အားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံ၏ ဂုဏ်ကိုဆောင်ကာ မြန်မာနိုင်ငံတော်အလံကို ထိပ်ဆုံးတွင် လွှင့်တင်ပြီး နိုင်ငံတော်သီချင်းကို သီဆိုလျက် ပြိုင်ဘက်အားကစားအဖွဲ့ဝင် နိုင်ငံအသီးသီးက မတ်တတ်ရပ်ကာ အလေးပြုရအောင် စွမ်းဆောင်နိုင်ခဲ့ကြသော မြန်မာအားကစားသမားကြီးများပေါ်ထွန်းကာ ရွှေရောင်လွှမ်းခဲ့သည်များကို အမှတ်ထင်ထင်ရှိလှပါသည်။

မြန်မာနှင့်အာရှ အလေးမချန်ပီယံ ဗိုလ်ကြီးထွန်းမောင်၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများဖြစ်ကြသည့် မြန်မာနှင့် အရှေ့တောင်အာရှ (ဆီးဂိမ်း) ပြေးခုန်ပစ်ချန်ပီယံ ရွှေတံဆိပ်ဆုရှင်များဖြစ်ကြသော မီတုန်းနော်၊ ရှင်ဗွေခန်း၊ ဂရေစီကား၊ ခင်ခင်ထွေး၊ မခင်ပု၊ မေသူ၊ ဂျင်နီဖာတင်လေး၊ ကြက်တောင်ရိုက်အားကစားမယ် ခင်သန်းနွယ်၊ လက်ဝှေ့ချန်ပီယံဗိုလ်အေးကို၊ ရေကူးတင်မောင်နီ၊ သေနတ်ပစ်ကံဦး၊ ကျွမ်းဘားမြင့်အောင်၊ ဘောလုံးချန်ပီယံများဖြစ်ကြသော ဗိုလ်ကြီးဗဟာဒူး၊ ကိုကိုကြီး၊ လှဌေး၊ ဘပု၊ ခင်မောင်ထွန်း၊ (အခြားအခြားသော မြန်မာ့ဂုဏ်ဆောင် အားကစားမောင်မယ်များစွာ ကျန်ရှိနေပါသေးသည်) စသည့် မြန်မာနှင့် အရှေ့တောင်အာရှ၊ အာရှအားကစားလောကတွင် စွမ်းရည်မြင့်မားသော မြန်မာတိုင်းရင်းသား အားကစားလူရည်ချွန်များစွာ ပေါ်ထွန်းခဲ့သည်။

ယခုဆောင်းပါးကို ရေးနေစဉ်မှာပင် မော်လ်ဒိုက်နိုင်ငံတွင် ကျင်းပလျက်ရှိသော (၁၅) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ရဲထွန်းနောင်သည် အမျိုးသားကာယဗလပြိုင်ပွဲ (၇၅) ကီလိုတန်းတွင် နိုင်ငံတကာပြိုင်ဘက်များစွာကို ဖြတ်ကျော်ကာ ပထမဆုအဆင့် ကမ္ဘာ့ချန်ပီယံဆုရရှိကြောင်း သတင်းကို တွေ့မြင်လိုက်ရသဖြင့် လွန်စွာမှပင် ဝမ်းသာပီတိဖြစ်ကာ ရဲထွန်းနောင်ကို ဂုဏ်ပြုပါသည်။ **"ဂုဏ်ပြုပါသည် ရဲထွန်းနောင်"**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက ပြည်ပအားကစားပြိုင်ပွဲများတွင် ထူးချွန်စွာစွမ်းဆောင်ပြီး ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ် ဆွတ်ခူးရရှိသူများကို နိုင်ငံတော်အဆင့် ထိုက်ထိုက်တန်တန်ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိသည့်အပြင် ယခင်အစိုးရများလက်ထက်က ထူးချွန်ခဲ့သော အာရှနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ အပါအဝင် နိုင်ငံတကာပြိုင်ပွဲများတွင် ဆုတံဆိပ်များ ရရှိခဲ့သော အားကစားသမားဟောင်းကြီးများကိုလည်း ထိုက်ထိုက်တန်တန် နိုင်ငံတော်အဆင့်နှင့်အညီ ဂုဏ်ပြုပေးခဲ့သည်။

ပဉ္စမအကြိမ်မြောက် နိုင်ငံတော်အဆင့် အမျိုးသားအားကစားပွဲတော်ကြီးကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပတော့မည်ဖြစ်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ဆုံတွေ့ကြကာ ချစ်ကြည်ရင်းနှီးခင်မင်စွာ၊ အားကစားစိတ်ဓာတ်ပြည့်ဝစွာ၊ အားကစားသမားကောင်းများ ပီသစွာနှင့် အားသွန်ခွန်စိုက် အပြိုင်အဆိုင် အားကစားစွမ်းရည်များ ယှဉ်ပြိုင်ကြပါတော့မည်။

**မိဘဆရာများ ပူးပေါင်းဆောင်ရွက်**

အားကစား တိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူနိုင်ငံသားများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်ခြင်းဖြစ်ပြီး လူသားအရင်းအမြစ်များ တိုက်ရိုက်ဖွံ့ဖြိုးစေနိုင်သလို အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံနှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်ပေးခြင်းဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားတက်ကြွစေနိုင်သည့်အတွက် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ကျောင်းသားအရွယ် ငယ်စဉ်ကပင် ပညာရေးတွင်သာမက အားကစားတွင်ပါ စိတ်ပါဝင်စားမှုရှိအောင် သက်ဆိုင်ရာ မိဘဆရာများက ပူးပေါင်းဆောင်ရွက်ပေးရပါမည်။

ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေး၊ အမျိုးသားအားကစားပွဲတော်ကြီးတွင် တက်ကြွစွာ ပါဝင်ယှဉ်ပြိုင်ပြီး အောင်မြင်မှုရရှိနိုင်ရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ပြိုင်ပွဲဝင်အားကစားမောင်မယ်များက အဆင်သင့်ပြင်ဆင်ပြီး ပြိုင်ပွဲများကျင်းပမည့်နေ့ရက်များကို စောင့်ကြိုနေကြသကဲ့သို့ အခမ်းအနားကြီး ခမ်းနားထည်ဝါစွာ နိုင်ငံတော်အဆင့် ကျင်းပနိုင်ရေးအတွက် လုပ်ငန်းအဖွဲ့အသီးသီးကလည်း အားကြိုးမာန်တက် ပြင်ဆင်လျက်ရှိကြသည်။

အမျိုးသားအားကစားပွဲတော်ကြီး ဖွင့်ပွဲအခမ်းအနား၊ ပိတ်ပွဲအခမ်းအနားများကို နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာကျင်းပရာတွင် ပါဝင်သရုပ်ဖော်ကြမည့် ကျောင်းသား ကျောင်းသူများ၊ အနုပညာရှင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုတင်ပြင်ဆင် လေ့ကျင့်လျက်ရှိကြသည့်နည်းတူ နိုင်ငံတော်အလံ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများကို ကိုယ်စားပြုသည့်အလံများအား အားကစားပွဲတော်ဖွင့်ပွဲကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးအတွင်းသို့ ဝေဟင်ယံမှ ရဟတ်ယာဉ်များနှင့် သယ်ဆောင်ဆင်းသက်ကြမည့် အဖွဲ့ကလည်း ကြိုးစားလေ့ကျင့်လျက်ရှိကြသည်။

နိုင်ငံတော်အဆင့် အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပပြီးစီးသည့်အခါတွင်လည်း ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် မိမိတို့ဌာနနှင့် ဒေသအလိုက်ကိုယ်စားပြုပြီး စွမ်းစွမ်းတမံပါဝင်ယှဉ်ပြိုင်ကာ ဆုတံဆိပ်များ ရရှိခဲ့သည့် အားကစားသမားများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ပေးခြင်းစသဖြင့် စီစဉ်ဆောင်ရွက် အားပေးကာ နိုင်ငံ့လက်ရွေးစင်များအဖြစ် စွမ်းရည်တိုးတက်လာအောင် ဆက်လက်ဆောင်ရွက်အားပေးသွားရန် စီစဉ်ဆောင်ရွက်ထားခြင်းများကလည်း အားကစားမောင်မယ်များ မျှော်မှန်းထားသည့် နိုင်ငံ့လက်ရွေးစင်များအဖြစ် ရပ်တည်နိုင်ရေးအတွက် အခွင့်အလမ်းကောင်းများ ဖြစ်ပါသည်။

ယခုကျင်းပသည့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးသည် ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲနှင့် အခြားနိုင်ငံတကာအားကစားပြိုင်ပွဲများအတွက် အလားအလာရှိသည့် လက်ရွေးစင်အားကစားသမားများ၊ မျိုးဆက်သစ်အားကစားသမားများကို ရွေးချယ်သွားမည်ဖြစ်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ အားကစားမောင်မယ်များအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်၍ မိမိတို့ ပါဝင်ယှဉ်ပြိုင်မည့် အားကစားအမျိုးအစားများတွင် အားသွန်ခွန်စိုက် ရေကုန်ရေခန်းကြိုးစားယှဉ်ပြိုင်ကြပါတော့မည်။

အမျိုးသားအားကစားပွဲတော်ကြီး နိုင်ငံတော်အဆင့်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်အောင် သက်ဆိုင်ရာ လုပ်ငန်းကော်မတီအသီးသီးကလည်း လစ်ဟာမှုမရှိအောင် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိကြသည်။ အားကစားကိုချစ်မြတ်နိုးသော မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့ကလည်း မိမိတို့ဝါသနာပါရာ နှစ်သက်ရာ အားကစားအမျိုးအစားအလိုက် စိတ်အားထက်သန်စွာ အားပေးရန် စောင့်မျှော်နေကြသည်။ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပတော့မည့် အမျိုးသားအားကစားပွဲတော်ကြီး ဖွင့်ပွဲအခမ်းအနားကို ရှုစားအားပေးရန် စောင့်မျှော်လျက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ပေါ်ထွန်းလာမည့် မျိုးဆက်သစ်အားကစားကြယ်ပွင့်မောင်မယ်များ၊ အားကစားလူရည်ချွန်များကိုလည်း နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူပြည်သားများက ဂုဏ်ယူဝမ်းမြောက်စွာဖြင့် အားပေးကြိုဆိုနေကြမည်ဖြစ်ပါကြောင်း ကြိုတင်ကာ မင်္ဂလာသတင်းကောင်းပါးအပ်ပါသည်။ ။

**❝ တစ်ခေတ်တစ်ခါက မြန်မာ့အားကစားလောကတွင်သာမက အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ပြည်ပဖိတ်ခေါ် အားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံ၏ ဂုဏ်ကိုဆောင်ကာ မြန်မာနိုင်ငံတော်အလံကို ထိပ်ဆုံးတွင်လွှင့်တင်ပြီး နိုင်ငံတော်သီချင်းကိုသီဆိုလျက် ပြိုင်ဘက်အားကစားအဖွဲ့ဝင်နိုင်ငံအသီးသီးက မတ်တတ်ရပ်ကာ အလေးပြုရအောင် စွမ်းဆောင်နိုင်ခဲ့ကြသော မြန်မာအားကစားသမားကြီးများပေါ်ထွန်းကာ ရွှေရောင်လွှမ်းခဲ့သည်များကို အမှတ်ထင်ထင်ရှိလှ ❞**

# ဂါဇာဒေသရှိဓားစာခံများကို သမ္မတအဖြစ်ကျမ်းသစ္စာမကျိန်ဆိုမီ ခြွင်းချက်မရှိလွှတ်ပေးရန် ဒေါ်နယ်ထရမ့် တောင်းဆို

**ဝါရှင်တန် ဒီဇင်ဘာ ၃**

အမေရိကန် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်က ဂါဇာဒေသရှိ ဟားမတ်စ်အဖွဲ့က ထိန်းသိမ်းထားသည့် ဓားစာခံများကို သမ္မတအဖြစ်ကျမ်းသစ္စာ မကျိန်ဆိုမီ ခြွင်းချက်မရှိလွှတ်ပေးရန် တောင်းဆိုလိုက်ပြီး အကယ်၍ ဓားစာခံများအား လွှတ်ပေးခြင်းမပြုခဲ့ပါက ကြီးမားသည့် တန်ဖိုးကို ပြန်လည်ပေးဆပ်ရမည်ဟု ဟားမတ်စ်အဖွဲ့အား သတိပေးပြောကြားခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

အစ္စရေးတပ်ဖွဲ့က ဂါဇာကမ်းမြောင်ဒေသအား စစ်ဆင်ရေး စတင်ဆင်နွှဲချိန် ပြီးခဲ့သည့်တစ်နှစ်တာ ကာလအတွင်း ဂါဇာကမ်းမြောင်ဒေသတွင် ဒေသခံ ၄၀၀၀၀ ကျော် သတ်ဖြတ်ခံခဲ့ရသည်။ လက်ရှိအချိန်တွင် ဂါဇာဒေသ၌ အမေရိကန် နိုင်ငံသားများအပါအဝင် ဓားစာခံ ၁၀၀ ခန့်အား ဟားမတ်စ်အဖွဲ့က ထိန်းသိမ်းထားသည်။

**တင်းမာမှုများဖြစ်ပွား**

အမေရိကန်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုမည့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၀ ရက် မတိုင်မီအချိန်တွင် ဂါဇာဒေသရှိ ဓားစာခံများကို ဟားမတ်စ်အဖွဲ့က လွှတ်ပေးရန် ပျက်ကွက်ပါက ဓားစာခံများကို ထိန်းသိမ်းထားသည့် တာဝန်ရှိသူများအား အမေရိကန်က စစ်ရေးနည်းလမ်းဖြင့် တိုက်ခိုက် ချေမှုန်းသွားမည်ဟု ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်က သတိပေးပြောကြားသည်။ ဟားမတ်စ်အဖွဲ့က ၎င်းတို့ထိန်းသိမ်းထားသည့် အစ္စရေးနွယ်ဖွား အမေရိကန်နိုင်ငံသား တစ်ဦး၏ ဗီဒီယိုဖိုင်ကို နိုဝင်ဘာ ၃၀ ရက်က ထုတ်လွှင့် ပြသခဲ့ပြီးနောက် ထရမ့်က ယခုကဲ့သို့ပြောကြားခဲ့ခြင်း ဖြစ်သည်။ လက်ရှိအချိန်တွင် အမေရိကန်၏စွက်ဖက်မှုများကြောင့် အရှေ့အလယ်အပိုင်းတွင် တင်းမာမှုများဖြစ်ပွားနေသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**







# တရုတ်-လာအို ရထားလမ်းသည် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူပြု

**ကူမင်း ဒီဇင်ဘာ ၃**

တရုတ်-လာအို ရထားလမ်းသည် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုပြီး ဖွင့်လှစ်ပြီးသုံးနှစ်တာကာလဖြစ်သည့် လက်ရှိအချိန်အထိ အောင်မြင်စွာရပ်တည်နိုင်ခဲ့ကြောင်း တရုတ်နိုင်ငံ ရထားပို့ဆောင်ရေးလုပ်ငန်း ကုမ္ပဏီက ဒီဇင်ဘာ ၃ ရက်တွင် ပြောကြားသည်။

အဆိုပါ ရထားလမ်းသည် လက်ရှိအချိန်အထိ ခရီးစဉ်ပေါင်း ၄၃ သန်းကျော်နှင့် ကုန်တင်တန်ချိန် ၄၈ ဒသမ ၃ သန်းကို ပို့ဆောင်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံက အဆိုပြုထားသည့် စီးပွားရေးစင်္ကြံ လုပ်ငန်းမူဘောင်အရ တည်ဆောက်ခဲ့သည့် ၁၀၃၅ ကီလိုမီတာ အရှည်ရှိ ယင်းမီးရထားလမ်းသည် တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကူမင်းမြို့နှင့် လာအိုမြို့တော် ဗီယင်ကျန်းကို ဆက်သွယ်ထားပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ရထားလမ်း တည်ဆောက်ခြင်းကြောင့် ဒေသတွင်း ဆက်သွယ်မှုသိသိသာသာ တိုးမြင့်လာကာ ဒေသခံများအကြား ကူးလူးဖလှယ်မှုကို လွယ်ကူချောမွေ့စေခဲ့သည်။

အဆိုပါ ရထားလမ်းသည် ကုန်းတွင်းပိတ်နိုင်ငံဖြစ်သော လာအိုနိုင်ငံအား ပိုမိုကောင်းမွန်သော ထောက်ပံ့ ပို့ဆောင်ရေးစွမ်းဆောင်ရည်ကို ပံ့ပိုးပေးခြင်းဖြင့် ၎င်း၏ နိုင်ငံတကာ ကုန်သွယ်မှုနှင့် စီးပွားရေး ဖလှယ်မှုများကိုမြှင့်တင်ရန် အထောက်အကူပြုလျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အင်ဒိုနီးရှားနိုင်ငံ၌ စွမ်းအင်ဖူလုံမှုရှိစေရေး နျူကလီးယားစွမ်းအင်သုံးစွဲမှုမြှင့်တင်သွားမည်

**ဂျကာတာ ဒီဇင်ဘာ ၃**

အင်ဒိုနီးရှားနိုင်ငံ၌ စွမ်းအင်ဖူလုံမှုရှိစေရေးအတွက် နျူကလီးယား စွမ်းအင်သုံးစွဲမှု မြှင့်တင်သွားမည်ဖြစ်ကြောင်း စွမ်းအင်နှင့် သတ္တုသယံဇာတဝန်ကြီး ဗာလီလာဟာဒါလီယာက ဒီဇင်ဘာ ၃ ရက်တွင် ပြောကြားသည်။

နျူကလီးယားစွမ်းအင်ကို သုံးစွဲခြင်းဖြင့် အခြေခံလျှပ်စစ်ဓာတ်အား ကုန်ကျစရိတ်ကို လျှော့ချပေးကာ အနာဂတ် စွမ်းအင်ထောက်ပံ့မှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ကတိကဝတ်ပြု**

နျူကလီးယား စွမ်းအင်မြှင့်တင်ရေး စီမံကိန်းအရ မဂ္ဂါဝပ် ၂၅၀ မှ မဂ္ဂါဝပ် ၅၀၀ အထိရှိသည့် အသေးစား နျူကလီးယားဓာတ်အားပေးစက်ရုံ တစ်ခု စတင်တည်ဆောက်မည်ဟု သိရသည်။

အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီရန်တိုက ကမ္ဘာကြီးပူနွေးလာမှုနှင့် အမျိုးသားစွမ်းအင်လိုအပ်ချက်များကို ဖြေရှင်းရန်အတွက် အင်ဒိုနီးရှား၏ စွမ်းအင်မဟာဗျူဟာအရ နျူကလီးယားစွမ်းအင်ကို စွမ်းအင်ကဏ္ဍတွင် ပေါင်းစပ်ထည့်သွင်းရန် မကြာသေးမီက ကတိကဝတ်ပြုခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံသို့ ယခုနှစ် ပထမ ၁၀ လတာကာလအတွင်း နိုင်ငံတကာခရီးသွား ၅ ဒသမ ၃၇ သန်း ဝင်ရောက်

**ဖနောင်ပင် ဒီဇင်ဘာ ၃**

ကမ္ဘောဒီးယားနိုင်ငံသို့ ယခုနှစ် ပထမ ၁၀ လတာကာလအတွင်း နိုင်ငံတကာခရီးသွား ၅ ဒသမ ၃၇ သန်း ဝင်ရောက်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် နိုင်ငံတကာခရီးသည် ဝင်ရောက်မှု ၂၂ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်ကို တွေ့ရှိရကြောင်း ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ ဒီဇင်ဘာ ၃ ရက်တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ် နိုင်ငံတကာခရီးသည် ဝင်ရောက်သည့် ပမာဏသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ အကြိုကာလဖြစ်သည့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ဝင်ရောက်ခဲ့သည့် နိုင်ငံတကာခရီးသွား အရေအတွက်ဖြစ်သည့် ၅ ဒသမ ၂၉ သန်းကို ကျော်လွန်မြင့်တက်ခဲ့ကြောင်း ၎င်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံသို့ ယခုနှစ် ပထမ ၁၀လတာ ကာလအတွင်း ထိုင်းခရီးသွားများ အများဆုံးလာရောက်ခဲ့ပြီး ၎င်း၏နောက်မှ ဗီယက်နမ်၊ တရုတ်၊ လာအိုနှင့် အမေရိကန်နိုင်ငံတို့မှ ခရီးသည်များ အသီးသီးလာရောက်ခဲ့ကြောင်းနှင့် ကမ္ဘောဒီးယားနိုင်ငံသည် ကမ္ဘာ့နိုင်ငံများမှ ခရီးသွားများအတွက် ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာစရာများစွာရှိသည့် လာရောက်လည်ပတ်သင့်သည့် နေရာဒေသတစ်ခုဖြစ်လာကြောင်း ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ တော့ဆိုဖတ်က ပြောကြားသည်။ နိုင်ငံအတွင်း နာမည်ကျော်ကြားသည့် လည်ပတ်စရာနေရာများအဖြစ် နိုင်ငံအနောက်မြောက်ပိုင်း ဆီရမ်ယိပြည်နယ်ရှိ ယူနက်စကို အမွေအနှစ်စာရင်းဝင် အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် အနောက်တောင်ပိုင်းရှိ ဆီဟာန်နောဗီလီ ကမ်းခြေတို့ တည်ရှိကြောင်းလည်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ထိုင်းနိုင်ငံတောင်ပိုင်းတွင် ရေကြီးရေလျှံမှုများဖြစ်ပွား

**ဗန်ကောက် ဒီဇင်ဘာ ၃**

ထိုင်းနိုင်ငံ တောင်ပိုင်းတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခြင်းကြောင့် သေဆုံးသူ ၂၅ ဦးအထိ ရှိလာပြီး ပြည်နယ်ခြောက်ခုတွင် ရေလွှမ်းမိုးမှုများဖြစ်ပွားနေကြောင်း ဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျော့ပါးရေးဦးစီးဌာနက ဒီဇင်ဘာ ၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

နိုဝင်ဘာ ၂၂ ရက်မှစ၍မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် လျှပ်တစ်ပြက် ရေကြီးရေလျှံမှုဖြစ်ပွားရာ ပြည်နယ် ၁၀ ခုရှိ အိမ်ထောင်စု ၆၆၄၀၀၀ ကျော် ထိခိုက်ခဲ့ပြီး ဒေသခံ ၂၉၀၀၀ နီးပါးကို ယာယီအမိုးအကာများ အောက်သို့ ရွှေ့ပြောင်းခဲ့ရကြောင်း အဆိုပါဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်ရန် ဝန်ကြီးချုပ် ပေတုန်တန် ရှင်နာဝပ်ထရာက တာဝန်ရှိသူများအား ညွှန်ကြားထားပြီး အရေးပေါ်အခြေအနေတွင် ဒေသခံများအား ကူညီကယ်ဆယ်ရန် ဝန်ထမ်းများနှင့် စက်ယန္တရားများကို ပြင်ဆင်ထားရှိကြောင်း ထိုင်းအစိုးရပြောရေးဆိုခွင့်ရှိသူ ဆာဆီကန် ဝတ်သာနာချန်က ပြောကြားသည်။

အထူးသဖြင့် မြေနိမ့်ပိုင်းဒေသများတွင် လာမည့်ရက်အနည်းငယ်အတွင်း ရေလွှမ်းမိုးမှုများဖြစ်လာနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော်   ဒီဇင်ဘာ   ၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ချောက်မြို့ အမှတ်(၁၅) တိုးချဲ့ရပ်ကွက်၌ လိုင်စင်မဲ့ TVS King မီနီအိုးဝေ သုံးဘီးဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဒီဇင်ဘာ ၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြောင်းမြခရိုင်နှင့် ကျုံပျော်ခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် ၆ ဒသမ ၆၉၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၀၉၅၅)ကို သစ်တောဥပဒေအရ လည်းကောင်း၊ မြောင်းမြမြို့နယ် မုဆိုးကွင်းကျေးရွာ၌ လိုင်စင်မဲ့ Xero 110 ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၀၉၅၅) ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Wish ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုက်မရောမြို့ သရက်ကုန်းကျေးရွာနှင့် မရမ်းချောင်ကျေးရွာ၌ လိုင်စင်မဲ့ Toyota Crown ယာဉ်တစ်စီးနှင့် Toyota Alphard ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်းမိုင်တိုင်အမှတ်(၃၅၂)မိုင်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး၊ လူသုံးကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၃၄၀၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကိုလည်းကောင်း၊ စဉ့်ကိုင်မြို့အကျော် Max ဆီဆိုင်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၂၄၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၂၅၈၀၆၀၀ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသောယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို လည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာရှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၃၁၇၉၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၂၄၂၆၂၀)ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၈၂၇၁၆၂၀ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၆၇၆၃၁၇၅)ကို သိမ်းဆည်းရမိသည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်းမျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၃**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်သိမ်းဆည်းရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၂၂ ဒသမ ၃၀၆၆ တန်၊ သစ်မာ ၅ ဒသမ ၄၁၈၆ တန်၊ အခြားသစ် ၃၃ ဒသမ ၃၈၉၂ တန် စုစုပေါင်း ၆၁ ဒသမ ၁၁၄၄ တန်၊ ယာဉ်/ ယန္တရား ၁၀စီးနှင့် တရားခံ ၁၇ ဦးတို့အား ဖမ်းဆီးရမိကြောင်း သိရသည်။



**သတင်းစဉ်**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၁၂-၂၀၂၄ ဗုဒ္ဓဟူးနေ့

### MRTV HD

၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တေဇျုဂ်သုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ)(တတိယပိုင်း)
၀၉:၂၅ စိုက်ပျိုးမွေးမြူသုတဘက်
၁၁:၁၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၁၁:၃၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၈)
၁၃:၀၅ သီချင်းကြိုးဝဒေသာ
၁၃:၃၀ MRTV National News
၁၆:၅၀ မျိုးဝက်တင့်စေဆိုကရေးတီးအဖွဲ့
၁၇:၀၅ ရွှေသို့ချီမည်ပန်းတိုင်ဆီ
၁၇:၂၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ)(စတုတ္ထပိုင်း)
၁၈:၃၅ ပြည်ချစ်သားမွန်တေးသက်
၁၈:၅၀ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၂၅)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၁၀ အမျိုးသားအားကစားပွဲတော်(Highlights)
၂၁:၂၅ ပြည်ချစ်သားမွန်တေးသက်
၂၁:၃၅ ဆေးရောင်စုံရုပ်ရှင် 'သကြံနံ့မိုး' (နေအောင်၊ ဇော်ဝမ်း၊ ဇင်ပိုင်း၊ ခင်သန်းနု၊ မေသန်းနု၊ သီတာသိမ့်)

### mitv

07:01 Evergreen Classic: Te Ja Su Ne Ma (Tekkatho Lei Lei)
07:10 Traditional Myanmar Theatrical Performance: Harmonious Performance of Myanmar Orchestra (Hsaing Waing)
07:22 Three Beautiful Islands
07:41 World Wildlife Conservation Day (4th December)
07:46 Safari World
08:26 Topics Potpourri; Solar-Powered Barge Battles Plastic Pollution
08:01 News
08:26 Asia Updates; Hot Sea
08:32 Taungoo City Travelogue
09:01 Artistic Values & Aesthetic Traditions
09:25 The Man and The Elephant (Part-I)
09:40 Underwater Photographer
10:01 News

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာ

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ဓနုသမားတို့ရဲ့ဘဝ

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
တံငါသည်တို့ရဲ့ရှန်းကန်လှုပ်ရှားနေရတဲ့ဘဝ

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်စာပေစကားပြောကြရအောင်(အပိုင်း-၅)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ကရင်ရိုးရာအထည်ဆိုင်မှ နန်းအဲခလိန်းအင်တာဗျူး

**ချင်း (လိုင်းဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ချင်းရိုးရာဝက်အူအစာသွပ်

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
တောင်ကျကျေးရွာ(အပိုင်း-၁)

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
လုံခြုံနွေးထွေးအရိပ်ပေး မွန်တို့ရိုးရာအိမ်ကလေး

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ရေခူသုပ်

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ဒေသထွက်အစားအစာရောက်ချိုသီးစိုက်ပျိုးနည်း

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
အာလူးဟင်းချက်နည်း

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
၁၉:၄၅ Football Highlights
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၁၈:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ရုရှားနိုင်ငံ'
၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'ကိုယ်နှင့်မဆိုင်သော်လည်း'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း'
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဂျပန်နိုင်ငံ'
၁၁:၃၀ ရွှေသို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၃၃)

### MRTV FARMERS / H TV

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅ ကြံ့လမိုင်းစနစ်တကျစိုက်ပျိုးပါက တောင်သူ့အတွက်အကျိုးများ
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၃၅ Rose Tour
၁၉:၂၅ Massive green bean harvest from the front yard trilles
၁၉:၄၅ International Music Hits
၂၀:၀၀ ရင်ထဲကရွှေနန်းကျင်(ဇာတ်လမ်း)
၂၂:၀၀ Kikujiro (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / H TV

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၅၀ Sports Diary
၀၇:၄၀ Weekly MNL Review
၁၁:၀၀ အားကစားသတင်း
၁၄:၄၅ ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး U-21 အမျိုးသားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု(မကွေးနှင့်ရန်ကုန်)

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာအနီး၌ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသူများအား ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာအနီး၌ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသူများအား ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသ၌ တရားမဝင် ရွှေတူးဖော်လုပ်ကိုင်မှုများကြောင့် နိုင်ငံတော်၏အခွန်ဘဏ္ဍာငွေဆုံးရှုံးရခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်းများဖြစ်ပေါ်စေကာ ၎င်းဒေသအနီးကျေးရွာများရှိ ဒေသခံပြည်သူများမှာ ရေကြီးရေလျှံခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျရေများနှင့်အတူ မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးပို့တိုင်တန်းချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အဆိုပါ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၇ ရက် ညနေ ၆ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာအနီး ဒေသအခေါ် ဘက်ဟိုးတောင်ကုန်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါတောင်ကုန်းအနီး၌ တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသော ပျော်ဘွယ်မြို့နယ် ကြူတောဝကျေးရွာနေ ဦးဇော် (၅၂) နှစ် (ဘ)ဦးထွန်းကြည်နှင့် ရမည်းသင်းမြို့နယ် သပြေပင်ကျေးရွာနေသူများဖြစ်ကြသည့် လွင်ကိုနိုင်(၂၈)နှစ် (ဘ)ဦးအေး၊ ကျော်သက်ပိုင် (၂၂)နှစ် (ဘ)ဦးရဲသွေး၊ ဦးမောင်(၆၀)နှစ် (ဘ)ဦးညို၊ နိုင်ကောင်းထက်(၂၂)နှစ်(ဘ)ဦးအေးတို့ ငါးဦးအား တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း။

နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် တရားမဝင် ရွှေတူးဖော်လုပ်ကိုင်နေသူ သပြေပင်ကျေးရွာနေ တင်လင်း(၄၅)နှစ် (ဘ)ဦးမြိုင်၏နေအိမ်အား ဝင်ရောက်စစ်ဆေးခဲ့ရာ တင်လင်းအား တွေ့ရှိခြင်းမရှိဘဲ တရားမဝင် ရွှေတူးဖော်လုပ်ကိုင်သူများ ဖြစ်ကြသည့် အဆိုပါကျေးရွာနေ ဝင်းစိုး (၃၂) နှစ် (ဘ)ဦးလှသန်းနှင့် ညောင်အိုင်ကျေးရွာနေ အောင်စိုးဦး(၁၆)နှစ် (ဘ)ဦးအောင်ဌေးဝင်းတို့ နှစ်ဦးအား နေအိမ်ခြံဝင်းအတွင်းမှ ရွှေပါသည်ဟု ယူဆရသည့်ဖြုန်းကျောက်အိတ်ပိုင်း ၃၅ ပိုင်း၊ သဲစာအိတ်ပိုင်း ၂၀၊ ဖြုန်းကျောက်များ ကြိတ်ရာတွင် အသုံးပြုသည့် ရိုက်ပြားငါးပြားနှင့် ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊

ယင်းနေ့ ညနေ ၆ နာရီခွဲတွင် မိုးထိမိုးမိဒေသရှိသပြေပင်ကျေးရွာအနီး ဒေသအခေါ် ဘက်ဟိုးတောင်ကုန်း အနီးဝန်းကျင်သို့ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာတွင် တရားမဝင်ရွှေတူးဖော်လုပ်ကိုင်နေသူများအား တွေ့ရှိရခြင်းမရှိဘဲ ရွှေပါသည်ဟု ယူဆရသည့် ဖြုန်းကျောက်အိတ်ပိုင်း ၁၅ ပိုင်း၊ တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆိုလာပြားတစ်ချပ်၊ ဘက်ထရီအိုးတစ်လုံး၊ လက်ဆွဲမီးစက်တစ်လုံး၊ ဒီဇယ်အင်ဂျင်တစ်လုံး၊ ဒိုင်နမိုတစ်လုံး၊ လက်တွန်းလှည်း တစ်စီး၊ SHAYAN-125 ဆိုင်ကယ်တစ်စီးပါ ဆိုင်ကယ်မျိုးစုံ ၁၃ စီးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသရှိ သပြေပင်ကျေးရွာအနီး၌ တရားမဝင် ရွှေတူးဖော်မှုများမှ သက်သေခံပစ္စည်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

စစ်ဆေးမှုများအတွင်း ဖမ်းဆီးရမိသည့် တရားမဝင်ရွှေတူးဖော်လုပ်ငန်းလုပ်ကိုင်သူ ဦးဇော်ပါ တရားခံ ခုနစ်ဦး၊ ဖမ်းဆီးရန်ကျန်တရားခံ တင်လင်းနှင့်တရားခံ(စိစစ်ဆဲ)များအား ရမည်းသင်းမြို့မရဲစခန်း၌ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၃၀(က)ဖြင့် အမှုများအသီးသီးရေးဖွင့်ကာ တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များအနေဖြင့် ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသရှိ နိုင်ငံတော်ပိုင် ရွှေသတ္တုတူးဖော်ရေးလုပ်ကွက်များအတွင်း ဝင်ရောက်၍ တရားမဝင် ရွှေတူးဖော်လုပ်ကိုင်မှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေသည့်အပြင် နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေ ဆုံးရှုံးရခြင်းများ မဖြစ်ပေါ်စေရေး နယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများအား တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဆီဆိုင်မြို့နယ် နောင်ရင်းရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် အသက် နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ သေဆုံးပြီး အမျိုးသားတစ်ဦး ပြင်းထန်ဒဏ်ရာ ရရှိခဲ့ကြောင်း မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ် နောင်ရင်းရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့မှုကြောင့် အသက်နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ သေဆုံးပြီး အမျိုးသားတစ်ဦး အပြင်းအထန် ဒဏ်ရာရရှိခဲ့ကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆီဆိုင်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်မှု မရှိစေရေးအတွက် လိုအပ်သော နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ် ဒီဇင်ဘာ ၂ ရက်တွင် အကြမ်းဖက်သမားများသည် ကျေးရွာဝန်းကျင်မှနေ၍ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ရာ လက်နက်ကြီး ကျည်များသည် ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ထိခိုက်ဒဏ်ရာရရှိကာ ဒေသခံပြည်သူအချို့ သေဆုံး၊ ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း၊ အထက်ပါသတင်းသည် အကြမ်းဖက်သမားများ၏ လူမဆန်သည့် လုပ်ရပ်များကို ဖုံးကွယ်ပေးရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့ အခြေအမြစ်မရှိသည့် ဓာတ်ပုံများကို အသုံးပြု၍ ဝါဒဖြန့်နေခြင်းဖြစ်ကြောင်း သိရသည်။




**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၃**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

**ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "U Khin Zaw" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြို့ဟောင်းအရှေ့ရပ်ကွက်နေ ခင်ဇော်အား ညနေ ၅ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ "ဇော်ကြီး" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တိုက်ကြီးမြို့နယ် ရှမ်းစုရပ်ကွက်နေ မောင်ဇော်(ခ) ဇော်ကြီးအား ညနေ ၅ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "Zay Zay" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဃ) ရပ်ကွက်နေ တင်သူရ(ခ)သန့်ဇင်အား ည ၇ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ကယားပြည်နယ်ဝန်ကြီးချုပ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနား တက်ရောက်

လွိုင်ကော် ဒီဇင်ဘာ ၃

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မသန်စွမ်းသူများ တက်ရောက်ခဲ့ကြသည်။

**အမှာစကားပြောကြား**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်နယ်အတွင်းရှိ မသန်စွမ်းသူများအနေဖြင့် လူမှုရေး၊ ပညာရေး၊ စီးပွားရေးဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အပြည့်အဝပါဝင်ခွင့်ရရှိစေရေး ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း၊ ပြည်နယ်အနေဖြင့် မသန်စွမ်းသူများကို နှစ်စဉ် ငွေကြေးများထောက်ပံ့ခြင်း၊ မိသားစုဝင်များ၏ ဘဝရပ်တည်နိုင်ရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် သင်တန်းများဖွင့်လှစ်ပေးခြင်း၊ ရှေးဦးအရွယ် ကလေးသူငယ်များကို မသန်စွမ်းဖြစ်မှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် မြို့နယ်တွင် ၂၀၂၃ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ကလေးသူငယ် ၁၉၈ ဦးအား စစ်ဆေးနိုင်ခဲ့ကြောင်း၊ ပြည်နယ်အတွင်းရှိ မသန်စွမ်းသူများကို မိမိတို့နှင့်တန်းတူ အသိအမှတ်ပြုပြီး အတူတကွ လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ Video Clipအား ကြည့်ရှုခဲ့ကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများဖြစ်




သည့် စစ်တုရင်၊ ပန်းချီ၊ သံလုံးပစ်၊ သံပြားပစ်နှင့် လုံတံပစ်ပြိုင်ပွဲများတွင် ဆုရရှိကြသည့် မသန်စွမ်းသူများအား ဆုများချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် MSME ထုတ်ကုန်ပြခန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၃

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ယနေ့မွန်းလွဲပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပမည့် ဇမ္ဗူသီရိမြို့နယ်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် MSME များမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသရောင်းချရန် ပြင်ဆင်နေမှု၊ တည်းခိုရေးစခန်း (ရွာတော်)တွင် ထုတ်ကုန်ပစ္စည်းများ ရောင်းချနေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ယခုကျင်းပသည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် တိုင်းဒေသကြီး/ ပြည်နယ်များမှ အသင်းအုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများ ဝင်ရောက်ပါဝင်ယှဉ်ပြိုင်သဖြင့် ယခုပြသရောင်းချသည့် ထုတ်ကုန်ပစ္စည်းများသည် ကြော်ငြာစရာမလိုဘဲ မြန်မာတစ်နိုင်ငံလုံး ပျံ့နှံ့သိရှိသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ MSME များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အရင်းအနှီး၊ လူ့စွမ်းအားအရင်းအမြစ်၊ ဈေးကွက်ရရှိရေးစသည့် လုပ်ငန်းစဉ်များကို အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိသဖြင့် လုပ်ငန်းရှင်များကလည်း မိမိတို့၏ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျှင် ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိ၍ ဝင်ငွေတိုးတက်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သည့်အပြင် ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ နိုင်ငံ့စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနသည် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းရှင်များက ကြုံတွေ့နေရသည့် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြကြရန် မှာကြားသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပမည့် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် တည်းခိုရေးစခန်း (ရွာတော်) တို့တွင် MSME များမှ ထုတ်လုပ်သည့် စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်၊ အလှကုန်၊ အားကစားပစ္စည်းစသည့် ပြခန်း ၄၀ ခင်းကျင်းပြသ ရောင်းချလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၃

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Super Seven Stars Motors Industry Co., Ltd. က တင်သွင်းလာသော ကိုရီးယားနိုင်ငံထုတ် KIA EV6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၃

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သတင်းမီဒီယာသမားများ မွမ်ဘိုင်းရုပ်ရှင်မြို့တော်နှင့် အိန္ဒိယအမျိုးသားငွေပေးချေမှုကော်ပိုရေးရှင်းသို့ သွားရောက်လေ့လာ

မွမ်ဘိုင်း ဒီဇင်ဘာ ၃

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့သို့ မီဒီယာလဲလှယ်မှု ချစ်ကြည်ရေးခရီးစဉ်အဖြစ် ရောက်ရှိနေသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သတင်းမီဒီယာသမားများသည် ဒီဇင်ဘာ ၃ ရက်တွင် မွမ်ဘိုင်းရုပ်ရှင်မြို့တော်နှင့် အိန္ဒိယအမျိုးသားငွေပေးချေမှုကော်ပိုရေးရှင်းသို့ သွားရောက်လေ့လာကြသည်။



ဦးစွာ သတင်းမီဒီယာအဖွဲ့သည် မွမ်ဘိုင်းမြို့ ဂိုရီဂွန်အရပ်ရှိ မွမ်ဘိုင်းရုပ်ရှင်မြို့တော် ( Mumbai Film City) သို့ သွားရောက်လေ့လာကြသည်။

မွမ်ဘိုင်းရုပ်ရှင်မြို့တော်ကို ၁၉၇၇ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး အိန္ဒိယ၏ အကြီးမားဆုံးရုပ်ရှင်စတူဒီယိုများအနက်မှ တစ်ခုဖြစ်သည်။

ရုပ်ရှင်ရိုက်ကူးရေးအတွက် လိုအပ်သော အဆောက်အအုံ၊ ပစ္စည်းကိရိယာအမြောက်အမြားကို ထောက်ပံ့ပေးနိုင်မှုကြောင့် ရုပ်ရှင်ထုတ်လုပ်သူများအတွက် အမှန်တကယ်ကောင်းမွန်သည့် နေရာဖြစ်သည်။ မွမ်ဘိုင်းရုပ်ရှင်မြို့တော်၏ အကြီးမားဆုံးအားသာချက်မှာ မြို့ပြနယ်နိမိတ်ရှိ ဧက ၅၂၀ ကျယ်ဝန်းသည့် အခမ်းအနားနေရာဖြစ်ခြင်းနှင့် အပြင်ဘက်ရိုက်ကွင်း ၄၂ ခု ပါရှိခြင်းဖြစ်သည်။

မွမ်ဘိုင်းရုပ်ရှင်မြို့တော်တွင် အိန္ဒိယရုပ်ရှင်၊ ဇာတ်လမ်းတွဲများအပြင် နိုင်ငံတကာရုပ်ရှင်များကိုလည်း ရိုက်ကူးဖန်တီးကြသည်။ ခရီးသွားများအတွက် Film City Tour ကို စီစဉ်ပေးပြီး ရုပ်ရှင်ရိုက်ကွင်းများကို လှည့်လည်လေ့လာနိုင်သည်။ Bollywood ရုပ်ရှင်လောက၏ စိတ်ဝင်စားဖွယ်ရာများကိုလည်း လေ့လာနိုင်သည့်နေရာတစ်ခုဖြစ်သည်။

မွန်းလွဲပိုင်းတွင် မီဒီယာအဖွဲ့သည် အိန္ဒိယအမျိုးသားငွေပေးချေမှု ကော်ပိုရေးရှင်း (National Payments Corporation of India – NPCI) သို့ သွားရောက်လေ့လာကြသည်။

NPCI သည် အိန္ဒိယ ငွေလွှဲငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အိန္ဒိယဘဏ်များအသင်း (Indian Banks' Association – IBA) နှင့် အိန္ဒိယ ဘဏ္ဍာရေးဝန်ကြီးဌာနတို့က ၂၀၀၇ ခုနှစ်တွင် တည်ထောင်ခဲ့သည်။

NPCI ကို Not for Profit (အကျိုးအမြတ်မယူသည့်) ကုမ္ပဏီအဖြစ် တည်ထောင်ခဲ့ပြီး အိန္ဒိယဘဏ္ဍာရေးစနစ်တစ်ခုလုံးအတွက် ရုပ်ပိုင်းဆိုင်ရာနှင့် အီလက်ထရွန်နစ် ငွေပေးချေမှုစနစ်များကို ထောက်ပံ့ပေးရန် ရည်ရွယ်သည်။ NPCI မှထုတ်လုပ်ထားသည့် RuPay သည် အိန္ဒိယအစိုးရပိုင် ငွေပေးချေမှုစနစ်ဖြစ်ပြီး သုံးစွဲသူများ၊ ဘဏ်များနှင့် ကုန်သွယ်မှုစနစ်၏ လိုအပ်ချက်များနှင့် သင့်လျော်မှုများကို ဖြည့်ဆည်းပေးသည်။ RuPay သည် ဘဏ်များအနေဖြင့် Debit Card, Credit Card နှင့် Prepaid Card များ ထုတ်ပေးနိုင်ရန် ထောက်ပံ့ပေးပြီး လက်လီငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်မှုကို ကူညီပေးသည်။ RuPay Card သည် Visa နှင့် Mastercard အစရှိသော နိုင်ငံတကာ ငွေပေးချေမှုကတ်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ – အေဝမ်းစိုး**

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ(၂၀၂၂)ဖြင့် ဆောင်ရွက်မည့် “အစားအစာဘေးကင်းရေးနှင့် သဘာဝပတ်ဝန်းကျင် ကျန်းမာရေးတို့အကြား ဆက်နွှယ်မှုဆိုင်ရာ သုတေသနညီလာခံ” ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေ (၂၀၂၂) အထောက်အပံ့ဖြင့် ဆောင်ရွက်နေသော မဲခေါင်-လန်ချန်းဒေသ(မြန်မာ၊ ထိုင်းနှင့် တရုတ်) နိုင်ငံအတွင်းရှိ ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင်ဆိုင်ရာ ဓာတ်ခွဲခန်းနှင့် နည်းပညာဆိုင်ရာ သတင်းအချက်အလက်များ ကွန်ရက်တည်ထောင်ခြင်း စီမံကိန်း၏ “အစားအစာဘေးကင်းရေးနှင့် သဘာဝပတ်ဝန်းကျင် ကျန်းမာရေးတို့အကြား ဆက်နွှယ်မှုဆိုင်ရာ သုတေသနညီလာခံ”ကို ယနေ့နံနက်ပိုင်းက နေပြည်တော် MGallery Hotel ၌ ကျင်းပသည်။




အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဦးဗိုလ်ဗိုလ်ကျော်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိတ်ဖက်နိုင်ငံများမှ ပါမောက္ခများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မဲခေါင်-လန်ချန်း အထူးရန်ပုံငွေ (၂၀၂၂)၏ အကူအညီ အထောက်အပံ့ဖြင့် ပိုးသတ်ဆေးအကြွင်းအကျန် ဓာတ်ခွဲခန်းကို တည်ဆဲအဆောက်အအုံများပေါ်တွင် အခြေခံ၍ တည်ထောင်သွားမည်ဖြစ်ပြီး ပူးပေါင်းသုတေသနပြုခြင်း၊ ဝန်ထမ်းလေ့ကျင့်ရေး၊ ကျွမ်းကျင်သူစေလွှတ်ခြင်းများကိုလည်း ဤစီမံကိန်း အစီအစဉ်အရဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းကို ဆောင်ရွက်ခြင်းအားဖြင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ပိုးသတ်ဆေးအကြွင်းအကျန်များကို ခွဲခြမ်းစိတ်ဖြာနိုင်သော ဓာတ်ခွဲခန်း ပလက်ဖောင်းကို တည်ထောင်နိုင်ပြီး သုတေသီများ၊ ပညာရှင်များနှင့် ကျောင်းသား ကျောင်းသူများ၏ သုတေသနစွမ်းရည်ကို တိုးတက်စေမည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံအတွက် (MRLs) ဓာတုဓာတ်ကြွင်း အနည်းဆုံး ဆောင်ရွက်ရေးကို အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း။

ယခု ကျင်းပသည့် သုတေသနညီလာခံမှ သဘာဝပတ်ဝန်းကျင်အပေါ် ပိုးသတ်ဆေးအကြွင်းအကျန်များ၏ အကျိုးသက်ရောက်မှုများကို ဆန်းစစ်ခြင်း၊ အစားအစာများတွင် ပိုးသတ်ဆေး အကြွင်းအကျန်များကို လျှော့ချမည့် ကာကွယ်ရေးစီမံချက်များ၊ အစားအစာများတွင် ပိုးသတ်ဆေး အကြွင်းအကျန်များကို စောင့်ကြည့်ခြင်းနှင့် ကျန်းမာရေးအန္တရာယ်အကဲဖြတ်ခြင်းဆိုင်ရာ သုတေသနသတင်းအချက်အလက်များဖြင့် ပြည်တွင်းနှင့် ပြည်ပပို့ကုန်များ၏ အစားအစာ ဘေးကင်းလုံခြုံစိတ်ချနိုင်ရေးအတွက် စောင့်ကြည့်လေ့လာနိုင်သော အခြေခံစနစ်တစ်ခုဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ညီလာခံကျင်းပရခြင်း၏ ရည်ရွယ်ချက်ကိုရှင်းလင်းတင်ပြကာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် “အစားအစာဘေးကင်းရေးနှင့် သဘာဝပတ်ဝန်းကျင် ကျန်းမာရေးတို့အကြား ဆက်နွှယ်မှုဆိုင်ရာ သုတေသနညီလာခံ”ကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် သတ္တမအကြိမ် ကွန်ဂရက် ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် သတ္တမအကြိမ် ကွန်ဂရက် (7th MFF Congress 2024) ကို ဒီဇင်ဘာ ၃ ရက်က နိုဗိုတယ်ရန်ကုန်မက်စ်၌ ကျင်းပရာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ်တို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘောလုံးအဖွဲ့ချုပ်များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။




မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် မြန်မာ့ဘောလုံးလောကအတွက် နှစ်ပေါင်းများစွာ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဦးဘရီအား Service Award ဆု ချီးမြှင့်စဉ်။

**အမှာစကား ပြောကြား**

ကွန်ဂရက်တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဋ္ဌ အင်ဖန်တီနိုတို့က ရုပ်သံမှတစ်ဆင့် နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က သတ္တမအကြိမ်မြောက် ကွန်ဂရက်အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က မြန်မာ့ဘောလုံးလောကအတွက် နှစ်ပေါင်းများစွာ ကြိုးပမ်းဆောင်ရွက်ခဲ့မှုကို ဂုဏ်ပြုသည့်အနေဖြင့် ဆရာဦးဘရီအား ၂၀၂၄ ခုနှစ်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ Service Award ဆု ပေးအပ်ချီးမြှင့်သည်။

**ရှင်းလင်းတင်ပြ**

ကွန်ဂရက်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စီနီယာဒုတိယဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇက အဖွဲ့ချုပ်၏ ငွေကြေးသုံးစွဲမှု၊ ရငွေ/သုံးငွေဆိုင်ရာ ရှင်းလင်းတင်ပြမှုများပြုလုပ်ပြီး ပြင်ပစာရင်းစစ်အဖွဲ့မှ ဦးဝမ်တင်က စာရင်းစစ်တွေ့ရှိချက်များကို ဆက်လက်တင်ပြအစီရင်ခံသည်။

ယင်းနောက် ၂၀၂၃ ခုနှစ် ဘဏ္ဍာရေးအစီရင်ခံစာ စာရင်းစစ်အတည်ပြုချက် အပါအဝင် အဆိုပြုတင်ပြချက်များအား မဲခွဲဆုံးဖြတ်ခြင်းနှင့် အတည်ပြုချက်ရယူခြင်းများကို အဖွဲ့ချုပ်အတွင်းရေးမှူး ဦးထွန်းထွန်းအောင်က ဆက်လက်ဆောင်ရွက်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**

# ဈေးဝယ်စင်တာနှင့် စူပါမားကက်တို့၌ ပြည်တွင်းထုတ် အသင့်စား စားသောက်ကုန်များ နေရာရလာ

**ရန်ကုန် ဒီဇင်ဘာ ၃**

ဈေးဝယ်စင်တာနှင့် စူပါမားကက်တို့၌ ပြည်တွင်းထုတ်အသင့်စား စားသောက်ကုန်များ ဈေးကွက်နေရာရလာကြောင်း သိရသည်။

ယခုနောက်ပိုင်းကာလများတွင် ပြည်ပမှ တင်သွင်းသော စားသောက်ကုန်များနှင့်အပြိုင် ပြည်တွင်းထုတ် အသင့်စား စားသောက်ကုန်များဖြစ်သည့် အသင့်စားမုန့်ဟင်းခါး အနှစ်၊ ဟင်းအနှစ်၊ အသင့်စားဟင်းများ ဈေးကွက်ရနေခြင်းဖြစ်သည်။

“ဒါက ကြိုဆိုရမယ့်ကိစ္စပါ။ ပြည်ပက တင်သွင်းတာထက်စာရင် မြန်မာထုတ်က မြန်မာတွေ ပိုကြိုက်တယ်။ အသင့်စားလုပ်ငန်းက တစ်ဆင့်မြင့်လာတယ်လို့ ပြောလို့ရတယ်။ ဒီပစ္စည်းတွေကိုလည်း မြင်ရတာများလာတယ်။ ပြည်တွင်းထုတ်တွေ။ အရည်အသွေးလည်း တော်တော်လေး ကောင်းပါတယ်။ အားပေးတဲ့သူ များလာတာကို တွေ့ရတယ်။ ဒီထက်ထပ်တွေ့ရမယ်လို့ မျှော်လင့်ပါတယ်”ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကိုဗစ်ကပ်ရောဂါဖြစ်ပွားပြီး ကာလအလွန်မှစတင်ကာ ပြည်ပထုတ် အသင့်စား စားသောက်ကုန်ပစ္စည်းများ ပြည်တွင်းသို့ ဝင်ရောက်မှုနည်းပါးခဲ့ပြီး တချို့စားသောက်ကုန်များမှာ ပြည်တွင်း ဈေးကွက်အတွင်း မရှိကြတော့ကြောင်း၊ သို့သော် အသင့်စား စားသောက်ကုန်မျိုးစုံဖြစ်သည့် ဒေသထွက်အစားအစာများ၊ ရိုးရာအစားအသောက်များ၊ မြန်မာထမင်းဟင်းများ စသည့်စားသောက်ကုန်မျိုးစုံကို ပြည်တွင်း၌ ထုတ်လုပ်လာကြရာ ပြည်ပထုတ်ကုန်များထက် ဈေးသက်သာခြင်း၊ အမျိုးစုံလင်ခြင်းတို့ကြောင့် ဈေးကွက်အတွင်း နေရာယူလာခဲ့ပြီး အိမ်ရှင်မများလည်း အဆင်ပြေကြောင်း သိရသည်။

“အွန်လိုင်းမှာဆိုရင်လည်း မျိုးစုံရောင်းချနေကြတာတွေ့ရတယ်။ ဥပမာ မုန့်ဟင်းခါးခြောက်တို့၊ အိမ်ချက်ဟင်းအနှစ်ထုပ်မျိုးစုံတွေ၊ နောက်ငါးပိရည်ကျိုထုပ်တို့ စသည်တို့ပါ။ အတော်စားကောင်းတယ်လို့လည်း လူတိုင်းကပြောတယ်။ မြန်မာထမင်း၊ ဟင်းစားချင်တယ်ဆိုရင်လည်း အသင့်စားထုပ်တွေက ဒီမှာရှိနေပြီ။ ပြည်ပကနေတောင် ရိုးရာအစားအစာ၊ ဒေသထွက်အစားအစာ၊ ရှမ်းဆိုလည်း ရှမ်းရိုးရာ အစားအစာတွေ။ ပြည်ပထုတ်ကုန်ထက် ဈေးလည်းသင့်တဲ့အတွက် အိမ်ရှင်မတွေအတွက်ကတော့ အဆင်ပြေတယ်”ဟု လှိုင်မြို့နယ်ရှိ အိမ်ရှင်မ မမြင့်မြင့်ရီက ပြောသည်။

**Thit Taw**



# ပေါင်မြို့နယ်၌ ရာသီဥတုအညွှန်းကိန်း သီးနှံအာမခံလုပ်ငန်း ရေကြီးနစ်မြုပ်ပျက်စီးခြင်းအတွက် လျော်ကြေးပေးအပ်

**ပေါင် ဒီဇင်ဘာ ၃**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ရာသီဥတုအညွှန်းကိန်း သီးနှံအာမခံလုပ်ငန်း ရေကြီးနစ်မြုပ်ပျက်စီးခြင်းအတွက် လျော်ကြေးပေးအပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါရီရှုခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်က အမှာစကား ပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပြည်နယ်မန်နေဂျာ ဒေါ်မိုးမိုးလွင်က တောင်သူများအနေဖြင့် ရာသီဥတုအညွှန်းကိန်းသီးနှံ အာမခံအကာအကွယ်ရရှိစေရန် အာမခံလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပြောကြားကာ မြန်မာ့အာမခံလုပ်ငန်း ခရိုင်တာဝန်ခံ ဒေါ်မျိုးသဉ္ဇာလင်းက တောင်သူများအတွက် အကျိုးခံစားခွင့်ရနိုင်သည့် ရာသီဥတုအညွှန်းကိန်း သီးနှံအာမခံကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ပေးခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် ပေါင်မြို့နယ်မှ တောင်သူ ၁၀၉ ဦး၏ ဧကပေါင်း ၅၃၂ ဧကအတွက် လျော်ကြေးငွေ ကျပ် ၁၅၉ ဒသမ ၆၀၀ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**

# နောင်တ

ပီမိုးနင်း

**ဤလောကကြီးသည်**
**နောင်တသံဝေဂရ၍**
**မဆုံးသော လောကကြီးဖြစ်၏။**

လူသည် နောင်တရတတ်သော သတ္တဝါမျိုးဖြစ်၏။ မှားယွင်းသောအရာတစ်ခုခုကို ပြုမိသဖြင့် ထိုကဲ့သို့ ပြုမိခြင်းကြောင့် မိမိမှာ ထိပါးနာကျင်ပူပင်သောကဖြစ်ရသောအခါ၌ ငါမှားလေစွတကားဟု နောင်တတစ်ဖန် ပြန်၍ရ၏။

နောင်တဟူသောစကားသည် မှားယွင်းပြီးနောက်မှ ပြန်၍(တ)ရခြင်းကို ဆိုလိုသည်။

အသက်အရွယ်လွန်ပြီးသူတို့သည် လွန်ခဲ့သော ပျိုရွယ်စဉ်အချိန်တို့ကို ပြန်၍တွေးတောကာ အမှားများကို ပြန်၍မျှော်ကာ ပျိုရွယ်သောအချိန်ကို ပြန်၍တ၏။ ပျိုရွယ်စဉ်က ပေါ့လျော့ခဲ့ခြင်းများကို ပြန်၍ဆင်ခြင်ကာ ငါမှားလေစွတကား၊ ငါ့ဗိုလ်ကြီး ငါ့ကို ဘိလပ်ခေါ်တုန်းက လိုက်သွားရရင် ယခုအခါ အငြိမ်းစားအရေးပိုင်တစ်ယောက် ဖြစ်နေမှာပဲ။ ငါမိုက်လို့သာ အခုလို ဆင်းရဲရတာပဲ။ ငယ်ငယ်က လူကြီးမိဘများ အရေးပိုင်ရုံးသွင်းပေးတုန်းက စွဲမြဲပြီး အလုပ်လုပ်ခဲ့ရင် အခု ငါဝန်ထောက်ဖြစ်မှာပဲ၊ ငါ့နောက်က ကျောင်းထွက်တဲ့ နီတွတ်ဟာ ကျောင်းမှာနေတုန်းက ငါတို့ထိုးတိုင်း၊ ရိုက်တိုင်း ခံရတဲ့ ချာတိတ်ကလေးပဲ။ အခုတော့ တရားသူကြီးဖြစ်နေပြီ။ ငါ့မိဘက ဆရာမှတ်ကျောင်းမှာထားတုန်းက ပညာကို ကြိုးစားသင်လိုက်ရရင် အခု ဘာဒီလိုနေမလဲ၊ ငါမိုက်လို့ပေါ့ သူငယ်ချင်းရယ်၊ ငါ့ ပထမမယားကြီးနဲ့တုန်းက ငွေကို ရေလိုသုံးခဲ့တာပေါ့။ ထိုအခါက တစ်နေ့သုံးခဲ့တဲ့ငွေကို အခုများရရင် တရင်းတနှီးပေါ့သူငယ်ချင်းရယ် စသည်ဖြင့် လွန်လေပြီးသော အမှားများကို ပြန်၍တွေးတောကာ အကျိုးမဲ့ နောင်တရကြသူတို့သည် များစွာရှိကြလေသည်။

ငါ ရန်ကုန်မှာ အလုပ်လုပ်နေတာ အကောင်းသားကွယ်၊ အခုလောက်ရှိရင် ပါပရိုဖြစ်ပြီး လခငါးရာထက် ဘာနည်းမလဲ၊ ဒီပေါ့တမင်အင်ချပ်ဖြစ်နေမှာပဲ။ ဟိုမအေပေး ဆတ်ဆော့တာနဲ့ နမ္မတူရောက်ပြီး ငှက်ဖျားစွဲပြန်လာရတာပဲဟူ၍ ညည်းညူကာ ဝင်လုဆဲဆဲနေရောင်သည် လွန်ခဲ့သော တောင်ထိပ်များကို ပြန်၍ ရောင်ခြည်ဖြင့်ကြည့်သလို အတိတ်ကိုပြန်တွေးတော ငေးမောရှုမျှော်ကာ မချမ်းမသာဖြစ်ရသူများလည်း အများကြီး ရှိကြလေသည်။

ဟိုအခါတုန်းက တို့များသုံးလိုက်တာ ဘာပြောစရာရှိမလဲ၊ တစ်နေ့တည်း တစ်ထောင်ကုန်တယ်၊ ယောက္ခမကြီးဆိုတာ ငါ့အသံကိုကြားရင် နားကြောကစိမ့်တယ် သူငယ်ချင်းရဲ့။ အခုတော့ ခွေးဘဝရောက်ပြီး ဂတ်စာရေးလုပ်နေရတယ်။ ဘာအသုံးကျတဲ့ ငါ့ဘဝလဲဟူ၍ ညည်းတွားပြောဆိုအတိတ်ကို လွမ်းလျက် တမ်းတသူတို့လည်း အခါခါကြားရဖူးလေသည်။

ဤလောကသည် နောင်တသံဝေဂအကြိမ်ကြိမ်ရ၍ မဆုံးသောလောကကြီးဖြစ်၏။ လူသာမဟုတ် အနောက်တိုင်းဘာသာခြား ခရစ်ယာန်ကျမ်းတို့၌ လူကို ဖန်ဆင်းသည်ဆိုသော ထာဝရဘုရားသော်မှ လူသတ္တဝါတို့ကို ဖန်ဆင်း၍ပြီးသည့်နောက် မိမိဖန်ဆင်းသောလူများ ဆိုးသွမ်းသည်တို့ကို တွေ့မြင်သောအခါ ငါသည် လူကို ဖန်ဆင်းမိတာ မှားလေခြင်းဟု ညည်းတွားတော်မူသည်ဟု ဓမ္မဟောင်းကျမ်းစာ၌ တွေ့ရှိရလေသည်။

ထာဝရဘုရားမှာ သံဝေဂရသော်လည်း မိမိဖန်ဆင်းသူတွေကို ရေလွှမ်းမိုး၍ ဖျက်ဆီးနိုင်၏။ ကျွန်ုပ်တို့ လူသတ္တဝါများမှာမူကား ကျွန်ုပ်တို့၏ အမှားကို အဘယ်နည်းနှင့်မျှ ပြန်၍မဖျက်နိုင်ချေ။ သို့ဖြစ်သောကြောင့် နောင်တရခြင်း နည်းနိုင်သမျှနည်းအောင် ကြိုးစားသင့်ကြလေသည်။

ဆင်းရဲကျပ်တည်းသဖြင့် ကြံရာမရဖြစ်နေရသူတို့သည် မိမိတို့၏ကိုယ်ကို စိတ်ဖြင့် ချက်ချင်းအို၍ ကြည့်ရမည်။ ကန်း၍ ကြည့်ရမည်။ ကျိုး၍ ကြည့်ရမည်။ ၎င်းတို့အနက် ကျိုး၍ကြည့်ရခြင်းသည် သာ၍ကောင်း၏။ အကြောင်းမူကား ယခုကာလသည် ထိုဘေးဒုက္ခနှင့် သာ၍နီးသောကာလကြီး ဖြစ်လေသည်။

ထိုကဲ့သို့ ရုတ်တရက် ချက်ချင်း အို၊ နာ၊ ကျိုး၊ ကန်း လုပ်၍ကြည့်ကာ ယခုတွေ့ကြုံ၍နေရသော အခြေအနေကို လွန်လေပြီးသော အတိတ်ကာလကဲ့သို့ ပြန်လည်တွေးတော တမ်းရှုမျှော်ခေါ်၍ ကြည့်ချေက အတိတ်ကာလ၌ နောင်တရစရာဖြစ်သော မိမိ၏ လစ်ဟင်းမှုများကို တွေ့မြင်ရသည့်နည်းအတိုင်း ယခုလတ်တလော လစ်ဟင်းပေါ့လျော့၍နေသည့်အရာများကို မြင်နိုင်လေသည်။ သို့မြင်သောအခါ မပြုပြင်နိုင်သော နောင်တဖြစ်သဖြင့် ပြုပြင်ခြင်းကို သတိမလစ်ကြချေက ခက်ခဲကျပ်တည်းခြင်းဘေးဒုက္ခမှ လွတ်ပေါက်တတ်မြောက်ရန် အချက်တို့ကို အကွက်ကျမြင်နိုင်ပေကြောင်း။ ။

# ငြီးငွေ့မှုကို ကုစားနည်း

ခင်မောင်ညို (ဘောဂဗေဒ)

(၂၇-၁၁-၂၀၂၄ ရက်နေ့မှအဆက်)

သူ့ဘေးက စက်ပြင်ဆရာတစ်ယောက်နှင့်ပြိုင်၍ အလုပ်လုပ်သည်။ တစ်ယောက်က ဝက်အူကို အချောကိုင်၍ တစ်ယောက်က ဖြုတ်ပေးရသည်။ တစ်ခါတစ်ရံ သူတို့နှစ်ယောက် တာဝန်လဲကာ ဘယ်သူက အလုပ်ပိုပြီးသည်ကို ပြိုင်ကြသည်။ ဆမ်၏ မြန်ဆန်ပုံ၊ သေသပ်ပုံတို့ကို တွေ့ရသော ကြီးကြပ်ရေးမှူးက မကြာမီပင် သူ့ကို ရာထူးတိုးပေးသည်။ ထိုရာထူးမှာ ပထမဆုံး တိုးမြှင့်ခြင်းခံရသောရာထူးဖြစ်သည်။ နောင်တွင်လည်း ရာထူးတွေ ဆက်တိုက်တိုးပေးခြင်းခံရသည်။ နှစ်သုံးဆယ်အကြာ၌ ဆမ်သည် မီးရထားခေါင်းတွဲ ကုမ္ပဏီကြီး၏ ဥက္ကဋ္ဌဖြစ်လာသည်။ တကယ်လို့သာ ပျင်းစရာကောင်းသည့်အလုပ်ကို ပျော်အောင် မလုပ်နိုင်လျှင် သူသည် သာမန်အလုပ်ကြမ်းသမားဘဝမှ တက်မည်မဟုတ်ပေ။

ရေဒီယိုသတင်းဝေဖန်သူ အိပ်ချ်ဗီလ်ဂင်ဘွန်သည် လူသိများထင်ရှားသူတစ်ယောက်ဖြစ်သည်။ သူကလည်း ပျင်းစရာကောင်းသည့်အလုပ်ကို စိတ်ဝင်စားစရာကောင်းအောင်လုပ်နည်း ပြောပြသည်။ သူ့အသက် ၂၂ နှစ်အရွယ်ခန့်က တိရစ္ဆာန်တင်သင်္ဘောကိုစီးကာ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်သွားဖူးသည်။ ခရီးစရိတ်ပေးစရာမရှိသဖြင့် မြင်းများကို အစာကျွေး၊ ရေတိုက်ရသည်။ အင်္ဂလန်ပြည်တစ်ခွင် စက်ဘီးစီး၍ ခရီးနှင်ပြီး ပြင်သစ်နိုင်ငံ ပါရီမြို့သို့ ရောက်လာသည့်အခါ ဘိုင်ကျနေကာ ဆာလောင်မွတ်သိပ်လျက်ရှိသည်။ သူ၏ ကင်မရာကို ငါးဒေါ်လာနှင့် ပေါင်လိုက်ကာ ရရှိသည့်ငွေဖြင့် ပါရီမြို့ထုတ် **နယူးယောက် ဟာရယ်** သတင်းစာ၌ ကြော်ငြာတစ်ကွက်ထည့်ကာ အလုပ်ရှာသည်။ မှန်ပြောင်းရောင်းသည့်အလုပ်တစ်ခုကို ရသည်။

ကျွန်တော်တို့ခေတ်က ခေတ်ဟောင်းမှန်ပြောင်းများသည် မျက်စိတစ်ဖက်က တစ်မျိုး၊ နောက်မျက်စိတစ်ဖက်က တစ်မျိုးမြင်နေသည်ကို ထပ်တူထပ်မျှမြင်အောင် လုပ်ပေးရုံမျှသာဖြစ်သည်။ မှန်ပြောင်းထဲရှိ မှန်ဘီလူးနှစ်ခုကြောင့် အဝေးကရုပ်ပုံများကိုပါ မြင်ရသောအခါ တအံ့တဩဖြစ်ရသည်။

ကျွန်တော် ပြောသလိုပင် ကာလ်ဂင်ဘွန်သည် ပါရီမြို့တွင် ထိုမှန်ပြောင်းလေးကို တစ်အိမ်တက်ဆင်း လိုက်ရောင်းသည်။ တကယ်တော့ သူသည် ပြင်သစ်ဘာသာစကားကို တစ်လုံးမျှမပြောတတ်။ သို့သော်လည်း ပထမနှစ်တွင်ပင် အရောင်းကော်မရှင် ဒေါ်လာ ငါးထောင်ရပြီး ထိုနှစ်က ပြင်သစ်တွင် ဝင်ငွေအကောင်းဆုံး အရောင်းသမားဖြစ်လာခဲ့သည်။ ထိုတစ်နှစ်တာ အတွေ့အကြုံသည် ဟားဗတ်တက္ကသိုလ်တွင် တစ်နှစ်တက်သည်ထက် အများကြီးအကျိုးရှိသည်။ ထိုအတွေ့အကြုံမှ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ကိုးစားမှုများရခဲ့သည်။ ယခုဆိုလျှင် ပြင်သစ်အိမ်ရှင်မများအတွက် မည်သို့မျှ အသုံးဝင်စရာမရှိသော "လွှတ်တော်မှတ်တမ်းများ"လို ပစ္စည်းမျိုးကိုပင် ရောင်းနိုင်မည်ဟု သူ့ကိုယ်သူ ယုံကြည်နေသည်။

ထိုအတွေ့အကြုံက ပြင်သစ်တို့၏ နေပုံထိုင်ပုံကို အတွင်းကျကျ နှိုက်နှိုက်ချွတ်ချွတ် နားလည်သဘောပေါက်စေခဲ့သည်။ နောင် ရေဒီယိုသတင်းဝေဖန်သူ ဖြစ်လာသည့်အခါ ဥရောပသတင်းများကို ဝေဖန်ရာ၌ ကြီးစွာသော အထောက်အပံ့ ဖြစ်လာခဲ့သည်။

ပြင်သစ်စကားပင် မပြောတတ်ပါဘဲလျက် ဘယ်လိုလုပ်ပြီး အကောင်းဆုံးအရောင်းသမား ဖြစ်လာခဲ့သနည်း။ သူ့အလုပ်ခွင်က သူရောင်းသည့်ပစ္စည်းနှင့်ပတ်သက်၍ ပြင်သစ်လို ဘယ်လိုပြောရသည်ကို နှုတ်တိုက်ချပေးသည်။ သူက အလွတ်ရအောင် ကျက်သည်။ တံခါးခေါက်လိုက်လျှင် အိမ်ရှင်တစ်ယောက်ကလာပြီး တံခါးဖွင့်ပေးမည်။ ထိုအခါ အလွန်ညံ့သော၊ ရယ်စရာကောင်းသော အသံထွက်ဖြင့် သူကျက်လာသမျှ မပီတပီရွတ်ပြမည်။ သူ့ပစ္စည်းကို ပြမည်။

အိမ်ရှင်မက ပြန်မေးသည့် မေးခွန်းကို ပြန်ဖြေဖို့ နေနေသာသာ ဘာမေးမှန်းပင်မသိ။ ထိုအခါ သူက ပခုံးတွန့်ပြပြီး 'အမေရိကန်' 'အမေရိကန်'ဟု ပြောမည်။ ထို့နောက် ဦးထုပ်ကို ချွတ်ကာ ဦးထုပ်ထဲ၌ ကပ်ထားသည့် ပစ္စည်းအကြောင်း ပြင်သစ်လို ရေးထားသည့် ကြော်ငြာကိုပြမည်။ ထိုအခါ အိမ်ရှင်မတွေလည်း ရယ်၊ ရ သူကိုယ်တိုင်လည်း ရယ်ရ တပျော်တပါးကြီးဖြစ်နေမည်။ သူက ပစ္စည်းနှင့် ပတ်သက်သောပုံတွေကို ထုတ်ပြမည်။ ဘယ်လောက်မလွယ်လိုက်ပါသလဲ။ မလွယ်လှသည့် အကြောင်းကိုလည်း သူကဝန်ခံသည်။ မလွယ်သောအလုပ်ကို လုပ်ကာ စိတ်ဝင်စားမှုနည်းလှသော ထိုကုန်ပစ္စည်းကို အရောင်းသွက်အောင် ဘယ်အရည်အချင်းက တွန်းပို့ပေးခဲ့ပါသလဲ။

အလွန်စိတ်ညစ်စရာကောင်းလှသောအလုပ်ကို ပျော်ရွှင်စရာကောင်းသည့်အလုပ်ဖြစ်စေရမည်ဟူသော သန္နိဋ္ဌာန်ခိုင်မာမှုကြောင့်ပင်ဖြစ်သည်။

နံနက်မိုးလင်း၍ ဈေးရောင်းထွက်ခါနီး၌ မှန်ကြည့်ကာ သူ့ကိုယ်သူ စကားပြောသည်။ "ကာလ်ဂင်ဘွန်၊ မင်း ထမင်းစားချင်ရင် ဒီအလုပ်ကို လုပ်ကိုလုပ်ရမယ်။ မလွှဲသာလို့ လုပ်ရတဲ့အတူတူ ပျော်ပျော်ပါးပါးကြီး လုပ်တာက မကောင်းဘူးလား။ တံခါးဝတစ်ခုရှေ့ ရောက်ခါနီးတာနဲ့ မီးမောင်းထိုးခံရတဲ့ ဇာတ်ခုံပေါ်က သရုပ်ဆောင်တစ်ယောက်လို သဘောမထားနိုင်ဘူးလား။ မင်းဈေးရောင်းရမယ့်လူတွေဟာ မင်းသရုပ်ဆောင်တာကို မျှော်လင့်စောင့်စားနေကြတဲ့ပရိသတ်လို သဘောမထားနိုင်ဘူးလား။ ပြီးတော့ မင်းလုပ်နေတဲ့အလုပ်ဟာလည်း ဇာတ်ခုံပေါ်က လူရွှင်တော်တစ်ယောက်လိုပဲ။ ဘယ်လောက် ရယ်စရာကောင်းသလဲ။ ဒီတော့ ဒီအလုပ်ကို ဘာဖြစ်လို့ စိတ်ပါလက်ပါ မလုပ်နိုင်ရသလဲ"

အလုပ်မသွားမီ နေ့စဉ်နေ့တိုင်း မှန်ရှေ့၌ ဤကဲ့သို့ စကားပြောဆို၍ ကိုယ့်ကိုယ်ကိုယ် သတိပေးခြင်းကြောင့် မုန်းတီးရွံရှာစရာ အလုပ်တစ်ခုသည် သူအလွန်သဘောကျသော၊ အကျိုးအမြတ်များသော အလုပ်တစ်ခုဖြစ်လာခဲ့ခြင်းဖြစ်သည်။

"အောင်မြင်ချင်တဲ့ လူငယ်တွေကို ဘယ်လိုအကြံပေးမလဲ"ဟု ကျွန်တော်က မေးသောအခါ "ဟုတ်ပြီ။ မနက်တိုင်း ကိုယ့်ဘာသာကိုယ် အလောင်းအစားတစ်ခုလုပ်ပါ။ ငါ ဒီနေ့တော့ အောင်မြင်ရမယ်၊ နိုင်ရမယ်လို့ သဘောထားပါ။ တို့တစ်တွေက ကိုယ်လက်လေ့ကျင့်ခန်းအကြောင်းကို ရေးကြီးခွင်ကျယ်လုပ်ပြီး ပြောလေ့ပြောထ ရှိကြတယ်။ အိပ်ချင်မူးတူးနဲ့ အိပ်ရာကထပြီး လမ်းလျှောက်တတ်ကြတယ်။ ဒါပေမဲ့ တို့တစ်တွေ တက်တက်ကြွကြွဖြစ်လာဖို့ ကိုယ်လက်လေ့ကျင့်ခန်း လုပ်ရုံနဲ့မပြီးသေးဘူး။ စိတ်လေ့ကျင့်ခန်းပါ လုပ်ရလိမ့်မယ်။ ဒါက ပိုအရေးကြီးတယ်။ မနက်တိုင်း၊ မနက်တိုင်း ကိုယ့်ကိုယ်ကိုယ် အားပေးကြည့်၊ စကားပြောကြည့်စမ်းပါ"ဟု သူက အကြံပေးသည်။

မှန်ရှေ့မှာ ကိုယ်တစ်ယောက်တည်း စကားပြောတာကို ကလေးဆန်တယ်။ အူကြောင်ကြောင်နိုင်တယ်လို့ ထင်ပါသလား။ ထိုသို့ထင်လျှင် အမှားကြီးမှားပါလိမ့်မည်။ စိတ်ပညာ၏ အနှစ်သာရမှာ ထိုကဲ့သို့သော ကျင့်စဉ်မျိုးဖြစ်သည်။ **ကိုယ်တွေးသည့် မနောကံအတိုင်း ကိုယ့်ဘဝဖြစ်လာရသည်**ဆိုသည့် သဘောအတိုင်းပင်ဖြစ်သည်။ ထိုစကားများသည် ရှေးကမှန်နေခဲ့သလို ယခုလည်း မှန်နေဆဲပင်ဖြစ်သည်။ ထိုအကြောင်းကို လွန်ခဲ့သော နှစ်ပေါင်း ၁၈၀၀ ကျော်က မားကပ်စ်အောရီးလီးယပ်စ်က **"ဘာဝနာ ပွားများခြင်း"** ဟူသောကျမ်း၌ စတင်ရေးသားခဲ့သည်။ ဟိုစဉ်က မှန်သလို ယခုလည်းမှန်ကာ နောင်၌လည်း ဆက်၍ ဆက်ကာ မှန်နေဦးမည်သာ ဖြစ်သည်။

မိုးလင်းလင်းချင်း ကိုယ့်ကိုယ်ကိုယ် စကားပြောခြင်း၊ သတ္တိရှိစရာ၊ ပျော်ရွှင်စရာများကိုသာတွေးခြင်း၊ ခွန်အားနှင့် ငြိမ်းချမ်းမှုပေးနိုင်သည့် အရာများကိုတွေးခြင်းတို့ ဖြစ်ပေါ်စေနိုင်သည့် ဝမ်းမြောက်ဝမ်းသာဖြစ်စရာများကို ကိုယ့်ကိုယ်ကိုယ် ပြောဆိုခြင်းအားဖြင့် စိတ်တက်ကြွလာမည်။ သီချင်းဆိုချင်စိတ်ပေါ်လာမည်။ တွေးသင့်တွေးထိုက်သည်များကို ကောင်းကောင်းမွန်မွန် မှန်မှန်ကန်ကန် တွေးခြင်းဖြင့် ကိုယ့်ဘဝကို ကိုယ်ပျော်လာမည်။ ကိုယ်မုန်းသည့် အလုပ်များကို သဘောကျလာမည်။ သင်၏အလုပ်ရှင်က သူ့စီးပွားတက်ဖို့အရေးအတွက် သင့်အလုပ်ကို သင် စိတ်ဝင်စားစေချင်သည်။ အလုပ်ရှင်ဖြစ်စေချင်တာ အသာထားလိုက်စမ်းပါ။ ကိုယ့်အကျိုးကို ကိုယ်အရင်ဆုံး စဉ်းစားပါ။ ကိုယ့်အလုပ်ကို ကိုယ်စိတ်ဝင်စားလျှင် ဘယ်လိုအကျိုးကျေးဇူးတွေရမည်ကို တွက်ကြည့်ပါ။ အိပ်ရာကနိုးနေသည့် အချိန်တစ်ဝက်လောက်သည် အလုပ်ခွင်ထဲက အချိန်များဖြစ်သည်။ ထိုအချိန်တွင် ပျော်ပျော်ရွှင်ရွှင် သာသာယာယာ နေခြင်းအားဖြင့် သင့်ဘဝတွင် နှစ်ဆစိတ်ချမ်းသာမည်။ **အလုပ်ခွင်၌ မပျော်ရွှင်လျှင် ဘယ်နေရာမှာမှ ပျော်ရွှင်မည်မဟုတ်။**

သင့်အလုပ်ခွင်၌ သင်စိတ်ဝင်စားခြင်းသည် သောကများကို ကင်းဝေးစေနိုင်ပြီး ရေရှည်ရာထူးတက်ခြင်း၊ လစာတိုးခြင်းများကို ဖြစ်ပေါ်စေနိုင်သည်။ လစာမတိုး၊ ရာထူးမတက်လျှင်ပင် ငြီးငွေ့မှု ကင်းစင်မည်။ အားလပ်ချိန်တွင် ပျော်ပျော်ရွှင်ရွှင် နေနိုင်မည်။

***ဘာသာပြန်သူ၏ မှတ်ချက်။ ။ နံနက်စောစော အိပ်ရာထ၊ ကိုယ်လက်သန့်ရှင်းပြီး ဘုရားရှိခိုးခြင်း၊ ဆုတောင်းခြင်းပြုသူတစ်ယောက် ခံစားရသောကြည်နူးမှုပီတိတို့နှင့် ဆင်တူသည်။**

# အက်ဖ်အေဖလားတတိယအဆင့်တွင် လက်ရှိချန်ပီယံ မန်ယူအသင်းနဲ့ အာဆင်နယ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံ

အက်ဖ်အေဖလားတတိယအဆင့်ပွဲစဉ်တွေကို မဲခွဲဆုံးဖြတ်ပြီးချိန်မှာ လက်ရှိချန်ပီယံ မန်ယူအသင်းဟာ အာဆင်နယ်အသင်းနဲ့ ထိပ်တိုက်တွေ့ဆုံလျက်ရှိပါတယ်။

အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်တွေကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှာ စတင်ကျင်းပမှာဖြစ်ပြီး လက်ရှိ ပရီမီယာလိဂ် အမှတ်ပေးဇယားမှာ ဦးဆောင်နေတဲ့ လီဗာပူးအသင်းကတော့ လိဂ်တူးကလပ် စတန်လေအသင်းကို အိမ်ကွင်းအန်ဖီးလ်မှာ ဧည့်ခံကစားရမှာလည်းဖြစ်ပါတယ်။

အခြားသော အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်တွေမှာတော့ ဆောက်သမ်တန်အသင်းနဲ့ ဆွမ်ဆီးအသင်း၊ အီဗက်တာအသင်းနဲ့ အောက်စ်ဖို့ဒ်ယူနိုက်တက်အသင်း၊ လေတန်အော်ရီရန့်အသင်းနဲ့ ဒါဘီကောင်တီအသင်း၊ ရီးဒင်းအသင်းနဲ့ ဘန်လေအသင်း၊ အက်စ်တွန်ဗီလာအသင်းနဲ့ ဝက်စ်ဟမ်းအသင်း၊ နော့ဝှစ်ချ်အသင်းနဲ့ ဘရိုက်တန်အသင်း၊ မန်စီးတီးအသင်းနဲ့ ဆဲလ်ဖို့ဒ်အသင်း၊ ဘရစ္စတိုးစီးတီးအသင်းနဲ့ ဝုလ်ဗာဟမ်တန်အသင်း၊ ပရက်စ်တန်နော့အန်းအသင်းနဲ့ ချာတန်အသင်း၊ ချယ်လ်ဆီးအသင်းနဲ့ မိုကမ်ဘီအသင်း၊ မစ်ဒယ်ဘရော့အသင်းနဲ့ ဘလက်ဘန်းအသင်း၊ ဘုန်းမောက်အသင်းနဲ့ ဝက်စ်ဘရွန်းအသင်း၊ မန်စ်ဖီးလ်အသင်းနဲ့ ဝီဂန်အသင်း၊ တမ်ဝေါ့သ်အသင်းနဲ့ စပါးအသင်း၊ ဟားစီးတီးအသင်းနဲ့ ဒွန်ကတ်စတာစီးတီးအသင်း၊ ဆန်းဒါးလန်းအသင်းနဲ့ စတုတ်စီးတီးအသင်း၊ လက်စတာအသင်းနဲ့ ကျူပီအာအသင်း၊ ကိုဗင်ထရီစီးတီးအသင်းနဲ့ ရှက်ဖီးလ်ဝက်နက်စ်ဒေးအသင်း၊ နယူးကာဆယ်အသင်းနဲ့ ဘရွမ်လေအသင်း၊ အဲဗာတန်အသင်းနဲ့ ပီတာဘရော့အသင်း၊ ပိုင်ကွန်ဘီအသင်းနဲ့ ပို့စ်မောက်အသင်း၊ ဘာမင်ဂမ်အသင်းနဲ့ လင်ကွန်းစီးတီးအသင်း၊ လိဒ်စ်ယူနိုက်တက်အသင်းနဲ့ ဟာရိုဂိတ်တောင်းအသင်း၊ နော့တင်ဟမ်ဖောရက်စ်အသင်းနဲ့ လူတန်တောင်းအသင်း၊ ရှက်ဖီးလ်ယူနိုင်တက်အသင်းနဲ့ ကာဒစ်စီးတီးအသင်း၊ အစ်ဆွစ်အသင်းနဲ့ ဘရစ္စတိုးရိုဗာအသင်း၊ ဖူလ်ဟမ်အသင်းနဲ့ ဝက်ဖို့ဒ်အသင်း၊ ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ စတော့ပေ့ါ့ကောင်တီအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတာ ဖြစ်ပါတယ်။

ငွေကြယ်

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ နှောင်ရိုးလမ်း၊ အမှတ်–A(79)တွင် ဖွင့်လှစ်ထားသော Real Wealth Company Limited ၏ ဒါရိုက်တာဖြစ်သော ဦးထွဋ်မြတ်အောင်[၁၂/ကမတ(နိုင်) ၀၄၈၁၉၅] လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်သည်မှာ–

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ နှောင်ရိုးလမ်း၊ အမှတ်– A(79)တွင် ဖွင့်လှစ်ထားသော Real Wealth Company Limited ၏ အောက်ဖော်ပြပါ ID အစောင်(၄၀)အား လမ်းတွင် ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် အကယ်၍ ကျွန်ုပ်၏မိတ်ဆွေမှ သိရှိခြင်းမရှိဘဲ အောက်ဖော်ပြပါ ID အစောင်(၄၀)အား တစ်စုံတစ်ရာပြုလုပ်ဆောင်ရွက်မှုများရှိခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

ပျောက်ဆုံးသွားသော ID အစောင်ရေ (၄၀)မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(1) 100184199360 (09/27/2021), (2) 100195169430 (01/24/2022), (3) 100194550040 (01/17/2022), (4) 100195781450 (01/29/2022), (5) 100195615550 (01/27/2022), (6) 100203437500 (04/21/2022), (7) 100107891330 (05/30/2019), (8) 100109124250 (06/11/2019), (9) 100109674930 (06/17/2019), (10) 100110180110 (06/20/2019), (11) 100110661011 (06/25/2019), (12) 100110939130 (06/27/2019), (13) 100114810500 (08/02/2019), (14) 100114882121 (08/03/2019), (15) 100115175640 (08/06/2019), (16) 100115181940 (08/06/2019), (17) 100116348950 (08/19/2019), (18) 100116352340 (08/19/2019), (19) 100116490241 (08/20/2019), (20) 100116885041 (08/23/2019), (21) 100117096110 (08/26/2019), (22) 100117239720 (08/27/2019), (23) 100117417300 (08/28/2019), (24) 100117419950 (08/28/2019), (25) 100117612710 (08/30/2019), (26) 100117734251 (08/31/2019), (27) 100119928530 (09/20/2019), (28) 100121598400 (10/4/2019), (29) 100121792260 (10/7/2019), (30) 100123179110 (10/21/2019), (31) 100124546060 (11/1/2019), (32) 100125759750 (11/14/2019), (33) 100126435731 (11/19/2019), (34) 100127845200 (12/3/2019), (35) 100128018320 (12/4/2019), (36) 100128551020 (12/9/2019), (37) 100129784160 (12/18/2019), (38) 100131102152 (01/02/2020), (39) 100132356001 (01/13/2020), (40) 100135105010 (02/05/2020).

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိမွန်သော် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၃၇၀)**
**(၂)လမ်း၊ ခနောင်တိုအနောက်ရပ်ကွက်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၂၀၇၁၅၁၀၊ ၀၉–၇၉၉၂၉၈၂၈၇**

# ဥတုရာသီ၊ တောကိုမှီ၏

## "ဒေါ်ခင်သီတာအေး [၁၂/ပဘတ(နိုင်)၀၃၂၄၅၀] တစ်ဦးတည်း ပိုင်ဆိုင်သောတိုက်ခန်းဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၃၁–လမ်း (အလယ်)၊ အမှတ်(၁၄၀) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၄)ထပ်တိုက်အနက်မှ မြေညီထပ် (တိုက်ကိုမျက်နှာမူလျှင်– ညာဘက်)၊ အကျယ်အဝန်း (၂၅x၅၀)ပေရှိ တိုက်ခန်းသည် (၁၁–၂–၂၀၂၂)ရက်စွဲပါ **"အမွေဝေစု အပြီးအပြတ်ခွဲဝေရယူခြင်း သဘောတူကတိစာချုပ်"**နှင့် (၃–၁၂–၂၀၂၄)ရက်စွဲပါ **"အပြီးအပိုင်စွန့်လွှတ်ခြင်းစာချုပ်"**တို့အရ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သီတာအေး တစ်ဦးတည်းမှ ဥပဒေနှင့်အညီ တရားဝင်လက်ရောက်လက်ရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိသည့် တိုက်ခန်းဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၇၉၂)**
**ဒေါ်နီနီဝင်း(LL.B) (စဉ်–၅၁၇၁၈)**
**ဒေါ်နှင်းဝေလွင်(LL.B) (စဉ်–၅၄၃၀၅)**
**အထက်တန်းရှေ့နေများ**
**အမှတ်– ၈၈၊ ၃–လွှာ၊ ဒေါ်သိန်းတင်လမ်း၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၅၀၈၈၆၀၅၊ ၀၉– ၅၀၆၄၉၅၉**

## "ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ၅၁ လမ်း (အလယ်)၊ အမှတ်(၁၂၂/၁၂၄)၊ (၅/အေ) လွှာ၊ (၃)ခန်းတွဲတိုက်၏ (တိုက်ကို မျက်နှာမူလျှင် ဘယ်ခန်း)၊ အကျယ်အဝန်း (၁၅ ပေ x ၆၀ ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် တိုက်ခန်းတွင်တပ်ဆင်ထားသော လျှပ်စစ်မီတာ(၁)လုံး၊ ရေမီးအစုံ၊ တိုက်ခန်းအတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားသည့် ရောင်းချသူ ဒေါ်နှင်းဖြူဖြူ [၁၂/ဗတထ(ဧည့်)၀၀၀၃၇၂] ကိုင်ဆောင်သူမှ အဆိုပါတိုက်ခန်း(၁)ခန်းအားမိမိသာလျှင်လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက်ကျွန်ုပ်၏ မိတ်ဆွေကစရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လင်းလဲ့သွယ် [၁၄/ပသန(နိုင်)၂၉၀၇၂၈]၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နီနီအေး**
**LL.B, D.I.R, D.I.L, D.M.L D.L (101), WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၉၂၅၆)**
**ဒေါ်သဇင်နွယ် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၄၀၂၉)**
**ရုံးအမှတ်(၉/၁၁)၊ (၁၀၁–D)၊ပထမထပ်၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၊ ၀၉–၂၅၂၀၃၃၃၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ သုခမလမ်း၊အမှတ် (၈၄)၊ မြေကွက်ပေါ်တွင် မြေရှင်နှင့် ကန်ထရိုက်တာတို့ ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၅)ထပ်တိုက်၏ (၁၀ပေx ၄၀ပေ) အကျယ်အဝန်းရှိ ပထမထပ်၊ (၂)လွှာ(ခေါင်းရင်းခန်း)တိုက်ခန်းမှ သုခမလမ်းသို့ မျက်နှာမူလျှင် လက်ဝဲဘက်ခြမ်းတိုက်ခန်းကို အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ကြည်ကြည်ခိုင် [၁၄/မအပ(နိုင်) ၁၉၃၈၉၃]မှ တရားဝင်ပိုင်ဆိုင်လက်ရှိဖြစ်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် တိုက်ခန်းအပါအဝင် တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများမှလည်း အပြီးပြတ်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းအပြည့်အစုံဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်မြင့် (LL.B,D.B.L,D.M.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၅၆၈၃) (၂၈–၆–၁၉၉၁)**
**အမှတ်(၈၈၀)၊ (၁၁)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ၀၉–၄၃၀၃၂၁၈၁**
**ဦးကျော်ဝင်းလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၁၇၄၇၇)(၂၁–၁၂–၂၀၂၁)**
**၀၉–၄၂၁၀၈၆၁၆၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၃–သုဝဏ္ဏ (နှင်းဆီကုန်း)၊ မြေကွက်အမှတ်(၉၄/ခ)၊ အကျယ်အဝန်း(၂၀'x ၆၀')၊ ဧရိယာ (၀.၀၂၇၅)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၉၄/ခ)၊ ဂန္ဓမာလမ်း၊ (က)ရပ်ကွက်၊(၂၃–သုဝဏ္ဏ)၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ ဟု ခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သင်းသင်း [၁၂/သဃက(နိုင်)၀၆၃၀၇၇] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်ဇာလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၅၀၈)**
**အမှတ်–၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၃၁၄၄၆၆၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ သာကေတမြို့နယ်၊ ၂၀၁၇ ပညာသင်နှစ် အထက်တန်းအောင်၏ မစုရွှေမာ[၆/ကသန(နိုင်) ၀၉၃၉၃၇] ၏ ဖခင်အမည်မှာ ဦးစောနိုင်(ခ) ဦးစောနောင်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးစောနိုင်(ခ)ဦးစောနောင်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စည်သူဝင်း [၁၂/သလန(နိုင်) ၀၈၀၁၅၈]၏ စီဒီစီစာအုပ် (CDC–50277) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–09–699302602**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မြတ်စိုးလှိုင် [၁၁/ကတန (နိုင်) ၀၇၇၀၄၂] ၏ စီဒီစီစာအုပ် (CDC–65272) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–09–699302602**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁/အနော်မာ ၊ မြေကွက်အမှတ်–၃၀၀၊ ဧရိယာ ( ၅၂' × ၆၀' )၊ မြေကွက်တည်နေရာအမှတ်(၃၀၀)၊ အနော်မာအရှေ့(ဂ)လမ်း၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ခင်သန်းဦး (၁၂/သကတ (နိုင်) ၀၄၇၇၃၂) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်–၃၉၄၄/၂၀၂၂ (၁၈.၅.၂၀၂၂)ဖြင့် မြေကွက်ဧရိယာ ( ၅၂ ပေ × ၆၀ ပေ ) အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းဘက်ခြမ်း ( ၂၀ ပေ × ၆၀ ပေ )အားဝယ်ယူသူ ဒေါ်အိအိပိုင်စိုး (၁၂/တမန (နိုင်) ၁၃၃၃၁၇) မှ ဂရန်မူရင်း၊ အရောင်းစာချုပ်၊ အမြတ်ခွန်ချေ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အမည်ပေါက်ဆောင်ရွက်ရန်အတွက် တဖက်သတ်မြေကွက်ခွဲစိတ်ခွင့် နှင့် မြေတိုင်းတာခွင့်ပြုပေးပါရန် ( ၁၉.၁.၂၀၂၄ ) ရက်စွဲပါစာတို့တင်ပြ၍ တဖက်သတ်မြေကွက်ခွဲစိတ်ရန်မြေပုံကူး နှင့် မြေတိုင်းလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၇ )ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနုအိမ်ရာ၊ တိုက်အမှတ် –99(B)၊ အခန်းအမှတ် (508)အား မူလအမည်ပေါက် ဒေါ်စန္ဒာ[၉/မနမ(နိုင်) ၀၃၁၁၂၈]ထံမှ ဦးအောင်မြတ်ကျော်စိန် [၁၂/ဗဟန(နိုင်) ၀၄၅၈၈၂]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ တိုက်အမှတ်(E)၊ အခန်းအမှတ် (၀၀၁)အား မူလအမည်ပေါက် ဦးလှဝင်း[၁၂/တမန(နိုင်)၀၇၆၃၅၇]ထံမှ ဦးသိန်းဗိုလ်ဗိုလ် [၁၂/တမန(နိုင်)၀၉၆၅၅၈]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက် အထား ပြည့်စုံစွာဖြင့်တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့ မန်စံကျေးရွာနေ ဦးစိုင်းအောင်ကြာနှင့် စိုင်းအောင်ကြာ [၁၃/နမတ(နိုင်) ၀၁၅၃၆၁] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်နေ နန်းဖြူဖြူအောင်နှင့် မဖြူဖြူအောင် [၁၃/နမတ(နိုင်) ၀၄၆၆၈၉] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကုလားကုတ်(အပေါ်ဆိပ်)၊ အ.ထ.က(ခွဲ)၊ Grade(9)မှ မတလိုင်မွန်၏ ဖခင်အမည်မှန်မှာ ဦးမနိမွန် [၁၀/လမန(နိုင်) ၀၃၆၇၅၆] ဖြစ်ပါကြောင်း။

**ဦးမနိမွန်**

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကုလားကုတ် (အပေါ်ဆိပ်)၊ အ.ထ.က(ခွဲ)၊ Grade(9)မှ မဖြူဖြူဝင်း၏ မိခင် အမည်မှန်မှာ ဒေါ်ဒါးဝင်း [၁၀/လမန(နိုင်)၀၃၇၀၃၂]ဖြစ်ပါကြောင်း။

**ဒေါ်ဒါးဝင်း**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးအောင်စိုး၏ သမီး မအိတုံ [၇/ကဝန(နိုင်) ၁၉၁၄၂၃] ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၆၉၇၇၇၄၆၈၅**

## အမည်ပြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ ဦးထွန်းသိန်း၏ သမီးဖြစ်သူ NEG ကိုယ်ပိုင်အထက်တန်းကျောင်း Grade– 11 တွင် ပညာသင်ကြားနေသော ကျောင်းသူ မဇင်ဇင်ဖြိုး၏ အမည်မှ မရွှေစင်သိမ့် [၉/ဇဗသ(နိုင်) ၀၀၉၂၈၁] အမည်သို့ ပြောင်းလဲခေါ်ဆိုပါရန်။

## တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/၂၊ မြေကွက်အမှတ် ၈၉၃၊ ဧရိယာ(၀.၀၂၈)ဧက၊မြေကွက်တည်နေရာအမှတ် ၈၉၃၊ (၂)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးအောင်မြတ်သာ[၁၂/မရက(နိုင်)၀၄၁၇၀၀]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ခင်ပွန်းဖြစ်သူ ဦးအောင်မြတ်သာသည်၁–၉–၂၀၂၄ ရက်နေ့တွင် ကွယ်လွန်သဖြင့်ဇနီးဖြစ်သူဒေါ်ခင်ပြုံးလှိုင် [၁၂/စခန(နိုင်)၀၀၆၁၇၅]မှတစ်ဦးတည်းသောတရားဝင်ဇနီးတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားသောဇနီးမယားတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်းနှင့် အခြားသော အမွေဆက်ခံပိုင်ဆိုင်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်–၁၀/၁၂၈၂/၂၀၂၄ (၂၈–၁၀–၂၀၂၄)၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)မြေငှားဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မြို့နယ်/မြို့နယ်ခွဲ– လှည်းကူး၊ ရပ်ကွက်/ကျေးရွာအုပ်စု– အင်းတိုင်၊ ကွင်း/အကွက်အမှတ်နှင့် အမည်– ၁၀၆၂ A အလန်စိန်ကွင်း၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်– ၁၀စျ၊ ဧရိယာ(၅.၄၄)ဧကရှိ ဥယျာဉ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်အေးမြင့် [၁၂/လကန(နိုင်) ၁၀၄၀၈၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၉၅၂၇)**
**တိုက် C2A၊ အခန်း(၁၁၀)၊ (ပ–ထပ်)၊ Time Square Condo၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၉၆၅၁၇၈၀၁၈၊ ၀၉–၂၅၀၀၆၀၃၁၃**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၇၀၊ မြေကွက်အမှတ်– ၃၈၇/ခ၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၇၀–ရပ်ကွက်၊ မင်းခေါင်လမ်း၊ အမှတ်– ၃၈၇/ခ ဟုခေါ်တွင်သည့် (၁)ထပ် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်မြဌေး (အက်စ်/ဒီဂျီအန်အမ်တီတီ–၀၃၉၇၆၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၉၅၂၇)**
**တိုက် C2A၊ အခန်း(၁၁၀)၊ (ပ–ထပ်)၊ Time Square Condo၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၉၆၅၁၇၈၀၁၈၊ ၀၉–၂၅၀၀၆၀၃၁၃**

## အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်တွင် နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှမေသန်း [၁၂/သကတ(နိုင်) ၁၆၇၀၃၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လှမေသန်း [၁၂/သကတ(နိုင်) ၁၆၇၀၃၄]နှင့် ဦးရဲလွင်ထွန်း[၁၂/ဗဟန(နိုင်) ၁၀၇၂၀၀]တို့သည် (၂၀၁၇)ခုနှစ်မှစ၍ တရားဝင် အကြင်လင်မယား အဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့၍ ကွာရှင်းပြတ်စဲရန် နှစ်ဖက်သဘောတူညီသဖြင့် (၃၀–၁၁–၂၀၂၄)ရက်နေ့တွင် အသိသက်သေလူကြီးများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်အား လက်မှတ်ရေးထိုးချုပ်ဆို၍ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ သို့ပါ၍ ဒေါ်လှမေသန်းနှင့် ဦးရဲလွင်ထွန်းတို့သည် တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ကိုယ်ရေးကိုယ်တာဟူသမျှကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်း၊ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ထက်ထက်ကျော် (LL.B,D.B.L,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၂၁၈)**
**အမှတ် (၅၀)၊ ဒု–ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၇၉၈၄၇၁၈၂၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၃အေ၊မြေကွက်အမှတ်–၈၊(၀.၀၂၈)ဧက၊မြေကွက်တည်နေရာအမှတ်–၉၊(၁၅၇)လမ်း၊တာမွေကြီး(က+ဂ)ရပ်ကွက်၊တာမွေမြို့နယ်၊ဦးညွန့်(စီဂျီ–၀၅၄၆၂၀)အမည်ပေါက်မြေပိုင်မြေအမည်ပေါက်–ဦးညွန့်(ဖခင်)နှင့်(မိခင်)ဖြစ်သူဒေါ်စန်းရီတို့အသီးသီးကွယ်လွန်သဖြင့်သားသမီးများဖြစ်ကြသောဒေါ်ညွန့်ညွန့်ရီ(၈/မဘန(နိုင်)၀၀၈၁၈၇)၊ဒေါ်နွယ်အေးအေး(၁၂/ကမတ(နိုင်)၀၅၃၉၁၅)၊ဦးဇော်ဇော်ညွန့်(၁၂/တမန(နိုင်)၀၄၁၄၄၁)၊ဦးသူရိန်ဦး(၁၂/တမန(နိုင်)၀၄၁၆၂၁)တို့(၄)ဦးအနက်ဒေါ်နွယ်အေးအေးမှကိုယ်တိုင်နှင့်ဒေါ်ညွန့်ညွန့်ရီ+၂တို့ထံမှ GPအမှတ်–၁၉၆၆၆/၂၃(၁၃–၉–၂၀၂၃)ဖြင့်ရသူဒေါ်နွယ်အေးအေးမှမိဘနှစ်ပါးကွယ်လွန်ကြပြီးနောက်ကျန်ရစ်သူသားသမီးအရင်းများဖြစ်သောမိမိတို့မောင်နှမ(၄)ဦးတည်းကသာလျှင်တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊မိမိတို့မှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်းဒေါ်ညွန့်ညွန့်ရီ+၃တို့မှ(၅–၆–၂၀၂၄)ရက်စွဲပါကျမ်းကျိန်လွှာ(၂)စောင်၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊မြေပိုင်မြေအမည်ပေါက်စာချုပ်၊မိခင်/ဖခင်တို့၏သေဆုံးမှုလက်မှတ်၊GP၊ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါပြန်လည်မရုတ်သိမ်းသေးကြောင်း(၅–၆–၂၀၂၄)ရက်စွဲပါကျမ်းကျိန်လွှာတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၄–၂၀၂၅) ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေအသုံးပြု၍ ရုံးသုံးစာရေးကိရိယာ Paper A4 (100 g)၊ ဆေးပစ္စည်း (၆)မျိုးနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် Fogging Machine အရေအတွက် (၈၀)ခုနှင့် Grass Cutter အရေအတွက် (၆၃)ခု တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီ၊ လုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | – | Tender.16. Stationery (2024–2025) |
| | – | Tender.17. Medical Supplies (2024–2025) |
| | – | Tender.18. Equipment (2024–2025) |
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | – | ၆–၁၂–၂၀၂၄ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | – | ၁၉–၁၂–၂၀၂၄ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူ ဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း–၀၆၇၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီး ရပ်ကွက်၊ နီလာဂေဟာ(၂)၊ ကျောက်မြောင်းလမ်း၊ အမှတ်(၀၀၂) မြေညီနေ ဒေါ်လှလှမြင့် [၁၂/ကတတ(နိုင်)၀၀၄၀၅၉]၏သား ကိုသူရိန်လွင် [၁၂/တမန(နိုင်) ၀၉၆၉၈၇]သည် မိခင်၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ ၎င်းဆန္ဒအလျောက် နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း နောက်နောင်၎င်းနှင့် ပတ်သက်သောကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှလှမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ယဉ်ငြိမ်းအေး(LL.B, D.B.L)** | **ဒေါ်မေဝင်းမောင် (LL.B)** |
| **(စဉ်–၁၃၀၃၈)** | **(စဉ်–၁၃၀၅၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်– (၁၀/၁၂) မြေညီ၊ ၃၅လမ်းအောက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၈၈၅၄၁၂၄၇၂၊ ၀၉–၄၂၁၀၉၉၅၆၃**

တရားမပုံစံအမှတ် ၁၄၄။

**အရွယ်မရောက်သေးသူအတွက်**
**အုပ်ထိန်းသူအဖြစ်ခန့်ထားရန်**
**လျှောက်ထားကြောင်းအကြောင်းကြားစာ**
**(အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ ၁၁)**
**မရမ်းကုန်းခရိုင်တရားရုံးတော်**
**၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်– ၈၉**

ဒေါ်စိုးစိုးနိုင် ------------------ လျှောက်သူ။

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ အရှေ့ဝါယာလက် (၂)လမ်း၊ အမှတ်– ၃၃၆ (အေ)** ရပ်နေ အရွယ်မရောက်သေးသူ မောင်အောင်ကျော်မင်းခန့်နှင့် မဖူးသဇင်ထက်။ ၎င်းပိုင်သော ပစ္စည်းအကြောင်း–

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ အရှေ့ဝါယာလက် (၂) လမ်း၊ အမှတ်– ၃၃၆ (အေ)** ရပ်နေ ဒေါ်စိုးစိုးနိုင်က အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မောင်အောင်ကျော်မင်းခန့်နှင့် မဖူးသဇင်ထက်တို့၏ အဒေါ်အရင်း ဖြစ်သည်ဟူ၍ ၎င်းသူများ၏ပစ္စည်း

ကိုယ်

ပစ္စည်း ကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း

ကိုယ်နှင့်ပစ္စည်း

လျှောက်ထားသည်ဖြစ်၍ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။

ထိုလျှောက်ထားချက်ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း၁၂ ရက်)နေ့တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၉) ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူဝင်းငယ်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မရမ်းကုန်းခရိုင်တရားရုံး**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## (၁၁/၂၀၂၄ – ၂၀၂၅) ကြိမ်မြောက်
## စက်မှုကုန်ကြမ်းသစ်လုံး/ခွဲသားအိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း **ကျွန်း/သစ်မာ သစ်လုံး/ခွဲသား (၃၂၅၉)တန်ခန့်**ကို အောက်ဖော်ပြပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်–

| | | | |
|---|---|---|---|
| (က) | ရောင်းချမည့်နေ့ရက်နှင့်အချိန် | – | (၁၇–၁၂–၂၀၂၄)ရက်နေ့၊ နံနက် (၈:၃၀)နာရီမှ စတင်မည် |
| (ခ) | ရောင်းချမည့် ဒေသများ | – | ရန်ကုန်တိုင်းဒေသကြီး/မန္တလေးတိုင်းဒေသကြီး/ဧရာဝတီတိုင်းဒေသကြီး/ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်ပဲခူးတိုင်းဒေသကြီး |
| (ဂ) | ရောင်းချမည့် နေရာ | – | မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.mte.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်းနံပါတ် ၀၁–၃၇၂၀၂၃၊ ၀၁–၃၇၂၆၈၈၊ ၀၂–၄၀၇၀၃၇၁ များတွင် လည်းကောင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ်(၁၅)တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ ၅ ထပ်တိုက်မှ စတုတ္ထထပ်(၅)လွှာ၊ (5–A)ခေါင်းရင်းခန်း၊ အကျယ်အဝန်း (၁၂၃/၂ပေx ၅၀ပေ)ရှိ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

